ရန္တာပုံ
နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၉)၊ အမှတ်(၂၉၇)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ ၁-၁၀-၂၀၂၆၊ ကြာသပတေးနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## လေဖိအားနည်းရပ်ဝန်း မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ချင်းပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကို ဖြတ်ကျော်ခဲ့သည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်မည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်းသည် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်သည်။

မိုး/ဇလ

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုများ ဖြေရှင်းဆောင်ရွက်ပေးရေး၊ School cum shelter များ ပြန်လည်တည်ဆောက်ပေးရေး၊ အိမ်ရာမဲ့များ၏ဘဝရပ်တည်ရေးနှင့် လူမှုဖူလုံရေး

စာမျက်နှာ ၃ သို့ ☆



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပစဉ်။

## ထားဝယ်မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေပြန်လည်ကျဆင်းသွားသည့် နေရာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ အင်တိုက်အားတိုက် ဆောင်ရွက်

**ထားဝယ် စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး အတွင်း မိုးသည်းထန်စွာ စံချိန်တင်ရွာသွန်းမှုနှင့် လပြည့်ရက် မြစ်ရေပြည့်ချိန်တို့ တိုက်ဆိုင်၍ ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ လောင်းလုံးမြို့၊ ပုလောမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ယခုအခါ မြစ်ရေ၊ ချောင်းရေများ ပြန်လည် ကျဆင်းသွားပြီဖြစ်သဖြင့် ယနေ့ နံနက်ပိုင်းတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လမ်းကြောင်းရှင်းလင်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ထားဝယ်မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်အချို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိုးကုတ်ဝိပဿနာကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်း၌ ခေတ္တခိုလှုံနေကြသော ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဆေးစစ် ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအား တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံမှုဖြင့် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးပစ္စည်းနှင့် အစားအသောက်များကို ရေဘေးသင့်ပြည်သူများထံ ဖြန့်ဖြူးပေးအပ်ကြသည်။

ရေကျသွားပြီးနောက် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရေပြားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများမဖြစ်ပွားစေရန် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးအဖွဲ့များက ကွင်းဆင်း ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်လတ်





## သူငယ်တော်ကျေးရွာတွင် ပဲမြစ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**တံတားဦး စက်တင်ဘာ ၃၀**

တံတားဦးခရိုင် တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာမှ တောင်သူအများစုသည် စိုက်ပျိုးရေးဆိုင်ရာတွင် မိုးရေနှင့် မြေအောက်ရေတို့ဖြင့် စိုက်ပျိုးလုပ်ကိုင်ရသောကြောင့် မိုးရာသီတွင် ပဲမြစ်ကို အဓိကထားစိုက်ပျိုးကြပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပဲမြစ်စိုက်ပျိုးမည်ဆိုပါက မြေကိုကောင်းမွန်စွာ ပြုပြင်ထားရပြီး စိုက်ပျိုးမည့်မျိုးရွေးချယ်မှုအရေးကြီးကြောင်း၊ မျိုးရွေးချယ်မှုမှန်ကန်မှသာ ပဲမြစ်အထွက်နှုန်းကောင်း၍ ရောင်းချရာတွင် ဝယ်ယူသူများပြားကြောင်းနှင့် တစ်ဧကစိုက်ပျိုးမည်ဆိုပါက မျိုးစေ့တစ်တင်း အသုံးပြုရကြောင်း၊ ပဲမြစ်စိုက်ပျိုးစရိတ်ကုန်ကျမှုအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ငါးသိန်းမှ ခုနစ်သိန်း ကုန်ကျကြောင်း တောင်သူ ဦးကျော်ထူးထံမှ သိရသည်။

ပဲမြစ်သီးနှံကို စိုက်ပျိုးသည့်ရက်မှ ၅ လအထိ ကြာမြင့်ကြောင်း မျိုးရွေးချယ်မှုမှန်ကန်ပြီး ထွန်ရေး၊ ထယ်ရေးနှင့် အပင်ပြုစုမှုကောင်းမွန်ပါက တစ်ဧကကို ပဲမြစ်ပိဿာချိန် ၉၀၀ မှ ၁၀၀၀ အထိ ထွက်ရှိပြီး တစ်ပိဿာလျှင် ရောင်းရငွေကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ ရောင်းချရသဖြင့် ပဲမြစ်စိုက်ပျိုးသည့် တောင်သူများ အကျိုးအမြတ်များသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

ရဲတင့်(ပြန်/ဆက်)

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ ကြာသပတေးနေ့။

မန္တလေးနေ့စဉ်

# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

၂၀၂၆ခုနှစ်၊ အောက်တိုဘာ (၁) ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons)ဖြစ်သည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အတွက် ကုလသမဂ္ဂက သတ်မှတ်ထားသည့်ဆောင်ပုဒ်မှာ The Age of Longevity: Rethinking Systems for Longer Lives - သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်ဟူ၍ ဖြစ်သည်။ အဆိုပါဆောင်ပုဒ်က ကမ္ဘာတစ်ဝန်းတွင် လူ့သက်တမ်းပိုမိုမြင့်တက်လာသည်နှင့်အမျှ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စနစ်များကို ဘိုးဘွားများအတွက် ပိုမိုအဆင်ပြေချောမွေ့ပြီး ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်စေရန် ကဏ္ဍစုံမှ ပြန်လည်သုံးသပ်ပြောင်းလဲပြင်ဆင်ကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် သက်ကြီးပုဂ္ဂိုလ်အရေအတွက်သည် နေ့စဉ်နှင့်အမျှ ပိုမိုများပြားလာသည့်အတွက် ၎င်းတို့၏ဂုဏ်သိက္ခာနှင့်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရများက သတိပြုလာကြပါသည်။

မြန်မာမှုနယ်ပယ်တွင် "အိုမင်းမစွမ်း" ဆိုသော အသုံးအနှုန်းရှိသည်။အသက်အရွယ်ကြီးရင့် အိုမင်းလာသောအခါ ကာယ၊ ဉာဏအာကဲဘက်က စွမ်းဆောင်နိုင်မှု လျော့ပါး ကျဆင်းသွားသည်ကို ဆိုလိုခြင်းဖြစ်သည်။ အသက်အရွယ်ကြီးရင့် လာသူတို့သည် ဤကဲ့သို့ စွမ်းဆောင်နိုင်မှု လျော့ပါးကျဆင်းသွားသည်နှင့်အမျှ စိတ်ဓာတ်ပိုင်းအရလည်း ယေဘုယျအားဖြင့် အားလျော့လာတတ်သည်။ ထိုအခါ ပျိုရွယ်သန်စွမ်းသူများက သက်ကြီးရွယ်အိုများကို အားပေးကူညီဖို့လိုအပ်သည်။

သက်ကြီးအဘိုး၊ အဘွားများသည် လူငယ်များ၏ ကျေးဇူးရှင်များဖြစ်သည်။ အဘိုး၊ အဘွားတို့ လက်ဆင့်ကမ်းခဲ့သော အသိတို့ကို ရရှိခြင်းကြောင့်ဖြစ်သည်။ အဘိုး၊ အဘွားတို့ ဖောက်သောလမ်းကို လျှောက်ခဲ့ရသည်။ အဘိုး၊ အဘွားတို့ စိုက်ပျိုးခဲ့သော အသီးအပွင့်များကို စားသုံးခဲ့ရသည်။ ဤသို့ ကျေးဇူးကြီးမားသော အဘိုး၊ အဘွားများအား လူငယ်များက ရိုသေလေးစားကြရမည်ဖြစ်သည်။ သက်ကြီးရွယ်အိုများ ဘဝသာယာစိုပြည်စေရန် ကြိုးပမ်းရင်း အဘိုး၊ အဘွားများ၏ ကျေးဇူးကို တုံ့ပြန်ရမည်လည်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ အရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကအေါဦးဖွန်း၏ ကုသိုလ်ကောင်းမှုအစပြုကာ ဘိုးဘွားရိပ်သာများ ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံတော်အစိုးရသည် သက်ကြီးပုဂ္ဂိုလ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစီမံချက်များ ချမှတ်ကာဆောင်ရွက်လျက်ရှိသည်။လူ့ဘုံလောကတွင် ကြီးသူ၊ ငယ်သူဟူ၍ရှိပြီး အိုသူ၊ ပျိုသူဟူ၍ လည်းရှိသည်။ ငယ်ရွယ်သူကို ကြီးသူက လမ်းပြ၍ အိုရွယ်သူများကို ပျိုသူက ဖေးမကူညီရမည်မှာ လောကဓမ္မတာဖြစ်သည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ မှစတင်ကာဘိုးဘွားများ၏ လူ့ဘုံလောကအတွက် ဆောင်ရွက်ခဲ့သော ကျေးဇူးတရားများကို စာနာထောက်ထားခြင်းဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝကို ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စေတနာ၊ မေတ္တာအပြည့်ဖြင့် ကူညီဖြည့်ဆည်းပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာရဲမြင့်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန်တာဝန်ပေးအပ်လိုက်သည်။

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အလယ်တန်းအဆင့်ကျပန်းစကားပြော ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာမြို့လူထုအခြေပြုဗဟိုဌာန၌ ၂၀၂၆ ခုနှစ်ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် ကျပန်း စကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီအချိန်က ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ပြိုင်ပွဲမကျင်းပမီ ဦးစွာ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မိတ္ထီလာမြို့နယ်နှင့် မလှိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသူ၊ ကျောင်းသား ၆၈ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာရေးစပ်ပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် မူလတန်းအဆင့်ပုံပြင်ပြော ပြိုင်ပွဲများကို စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ (၁)ရက်အထိ မိတ္ထီလာမြို့လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပလျက်ရှိပြီး ဆုရရှိကြသူများအား အောက်တိုဘာလ ၅ ရက်နေ့ ကမ္ဘာ့ဆရာများနေ့တွင် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

(၄၅၃)

၀-၀-၀-၀-၀

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ သုတရသစာအုပ်စာစောင်များခင်းကျင်းပြသ

**မန္တလေး စက်တင်ဘာ ၃၀**

ကျောင်းသား၊ ကျောင်းသူများဗဟုသုတတိုးပွားစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre လူထုအခြေပြုဗဟိုဌာန၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန္တာထွန်းက ကျောင်းသား၊ ကျောင်းသူများအား လိမ္မာယဉ်ကျေးသောကလေးများဖြစ်စေရန်၊ စည်းကမ်းကျပြီးလိုက်နာတတ်သော ကျောင်းသူ၊ ကျောင်းသားများဖြစ်စေရန်နှင့်အချင်းချင်းရိုင်းပင်းကူညီတတ်သော လူတော်လူကောင်းများဖြစ်စေရန် စသည့်အကြောင်းအရာများကိုဟောပြောပြီး စာဖတ်သည့်အလေ့အထကောင်းများရရှိစေရန်အတွက် မိတ်ဆွေကောင်းပုံပြင်ကိုဖတ်ပြကာ စာအုပ်စာစောင်များဖတ်ရှုစေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါး အသိပညာပေးနံရံကပ်စာစောင်များ၊ သုတရသစာအုပ်စာစောင်များ ခင်းကျင်းပြသခဲ့ရာ စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(လှဲ့လှဲ့နိုင်)

၀-၀-၀-၀-၀

## ဆောက်လုပ်ရေးဝန်ကြီးဌာန(အငြိမ်းစား)အင်ဂျင်နီယာများ၏ လူမှုကူညီရေးအဖွဲ့ ညှိနှိုင်းစည်းဝေး

**မန္တလေး စက်တင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား အရာထမ်း၊ အမှုထမ်းဝန်ထမ်းများအား အချင်းချင်း ကူညီဖေးမနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၈ ခုနှစ်အောက်တိုဘာလ (၁၂)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် မန္တလေးအခြေစိုက် ဆောက်လုပ်ရေးဝန်ကြီးဌာန(အငြိမ်းစား) အင်ဂျင်နီယာများ၏ လူမှုကူညီရေးအဖွဲ့က (အဌမ)အကြိမ်မြောက် သီတင်းကျွတ်ကာလ ဆန်၊ ဆီထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်းနှင့် ၂၉(B)လမ်းထောင့် စိန်မြင့်မိုရ်ကဖေးခန်းမတွင် ကျင်းပပြုလုပ်သည်။

အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တင့်(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)ကအဖွဲ့၏မူလရည်ရွယ်ချက်ဖြစ်သည့်ကျန်းမာရေးစောင့်ရှောက်မှု၊ နာရေးထောက်ပံ့ကူညီမှုတို့အပြင် သက်ကြီးရွယ်အိုအငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေးအထောက်အပံ့အဖြစ် ကိုဗစ်ကာလ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်းဆန်၊ ဆီနှင့် ဆေးဝါးများထောက်ပံ့မှု ခုနစ်ကြိမ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်းနှင့် ယခုနှစ်အဌမမြောက်တွင်လည်း ဆက်လက်ထောက်ပံ့ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တက်ရောက်လာကြသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် အလှူငွေများရရှိရေးအတွက် ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်အဖွဲ့၏ နာယကကြီးများနှင့် အမှုဆောင်အဖွဲ့ဝင်များက အသီးသီးအကြံပြုဆွေးနွေးတင်ပြကြပြီးနောက် ယခုနှစ် ရှစ်ကြိမ်မြောက်တွင် မန္တလေးအခြေစိုက်ဆောက်လုပ်ရေးဝန်ကြီးဌာနအငြိမ်းစား(AEအဆင့်နှင့်အောက်)အင်ဂျင်နီယာများနှင့် အမှုထမ်းဝန်ထမ်း စုစုပေါင်း(၃၆၀)ဦးတို့အား(သီတင်းကျွတ်)ကာလ ဆန်၊ ဆီထောက်ပံ့ပေးလှူသွားမည်ဖြစ်ကြောင်းနှင့် ယနေ့အထိအလှူငွေကောက်ခံရရှိမှု အခြေအနေများအပေါ် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

မန္တလေးအခြေစိုက်ဆောက်လုပ်ရေးဝန်ကြီးဌာန(အငြိမ်းစား) အင်ဂျင်နီယာများ၏ လူမှုကူညီရေးအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ်သတ္တမကြိမ်မြောက်အထိ အငြိမ်းစားဝန်ထမ်း စုစုပေါင်း(၂၄၈၅)ဦးတို့အား ငွေကျပ်(၉၀၄)သိန်းကျော်တန်ဖိုးရှိ ဆန်၊ ဆီများကို ထောက်ပံ့လှူဒါန်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

စနစ် ဆောင်ရွက်ပေးနိုင်ရေး၊ အရည်အချင်း ပြည့်မီသော ဝန်ထမ်းများ ရာထူးတိုးစာမေးပွဲ ဖြေဆိုခွင့်ပြုနိုင်ရေး၊ ဆေးရုံအသစ် တည်ဆောက်ပေးရေး၊ အထူးကု ဆရာဝန်များ ခန့်ထားရေး၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများ ထောက်ပံ့ပေးရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်း ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ရန်ကုန်မြို့၌ ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုအတွက် ယာဉ်ကြောဆိုင်ရာကိစ္စများကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင်က ရန်ကုန်မြို့တော်အား Smart City မြို့တော်ကြီးအဖြစ် အကောင်အထည်ဖော်နိုင်ရေး အထောက်အကူဖြစ်စေရန် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ (မီးပွိုင့်များ)တွင် အဆင့်မြင့် Controller များ တပ်ဆင်ခြင်း၊ လူကူးမျဉ်းကျား၊ မသန်စွမ်းသူများ သွားလာနိုင်သော ပလက်ဖောင်းများ၊ စက်ဘီးလမ်းများ၊ စက်လှေကားပါသော လူကူးခုံးကျော် တံတားများ၊ Underpass များ တည်ဆောက်ပေးထားပြီး ရန်ကုန်မြို့ယာဉ်သွားလာမှု ထိန်းချုပ်ရေးဗဟိုစင်တာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ အမှတ်(၁) အဆင့်မြင့် ဆက်သွယ်ရေး တပ်ရင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးတို့ ပူးပေါင်း၍ IT နည်းပညာအသုံးပြုပြီး Road Safety၊ Traffic Management နှင့် လုံခြုံရေးဆိုင်ရာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း အများပြည်သူ ဆင်းရဲချမ်းသာမရွေး ခရီးသွားလာရာတွင် လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူစည်းကမ်းများကို ညီညွတ်မျှတစေရန် ခရီးလမ်းပန်း အဆင်ပြေတွင်ကျယ် လျင်မြန်စေရန်၊ နိုင်ငံတကာနည်းတူ Smart City မြို့တော်ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ (ခ)ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်ရှိ ကိုင်းသောင်၊ ပုံကမာ၊ ရေတွင်းဆိပ်နှင့် ကုန်းကြီးရွာတို့၌ School cum shelter (၄)လုံးဆောက်လုပ်မှု ရပ်နားထားသည့်အပေါ် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လပွတ္တာမြို့နယ်ရှိ Shelter ၄ လုံးအနက် ကိုင်းသောင်ကျေးရွာ Shelter သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ Marval Wealth ကုမ္ပဏီမှ ဆောက်လုပ်ခဲ့ရာ ၂၀ ရာခိုင်နှုန်းသာ ပြီးစီးခဲ့ပြီး လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ပါသဖြင့် ပြန်လည်အပ်နှံခဲ့သည့် လုပ်ငန်းဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီကို ရှာဖွေသော်လည်း လမ်းခရီးဝေးကွာခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်းတို့ကြောင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီမရှိပါကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခဲ့သည့် လုပ်ငန်းဖြစ်ပါကြောင်း။

ပုံကမာကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် Silver Star Pathein ကုမ္ပဏီမှ ၂၃-၉-၂၀၂၄ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်းအခက်အခဲများရှိပါသဖြင့် အဆိုပါ ကုမ္ပဏီမှ လုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီး အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ "လုပ်ငန်း ပြန်လည်အပ်နှံခွင့်ပြုကြောင်း၊ လုပ်ငန်းများ၏ ပြီးစီးရန် ကျန်လုပ်ငန်းတန်ဖိုးနှင့် PG တန်ဖိုးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်းနှင့် ကုမ္ပဏီအား(Black list) စာရင်းရေးသွင်းဆောင်ရွက်ရန်" ဆုံးဖြတ်ခဲ့ပါကြောင်း။

ရေတွင်းဆိပ်ကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် မဏ္ဍိုင်သစ္စာ ကုမ္ပဏီမှ ၂၃-၉-၂၀၂၄ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်း အခက်အခဲများရှိပါသဖြင့် အဆိုပါကုမ္ပဏီမှ လုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီး အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ "လုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းချက်များအရ လုပ်ငန်းသဘောတူစာချုပ်ရပ်စဲပြီး ယင်း Shelter အတွက် ၆၅ ရာခိုင်နှုန်းထုတ်ရန် ကျန်ငွေအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်း" ဆုံးဖြတ်ခဲ့ပါကြောင်း။

ကုန်းကြီးကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၃၄၈ ဒသမ ၆၀၀ ဖြင့် Ayar Pioneer ကုမ္ပဏီမှ ၅-၁၀-၂၀၂၃ ရက်နေ့တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီးသည့် ငွေထုတ်ယူခဲ့ပြီးနောက် လုပ်ငန်းစာချုပ်အရ သက်တမ်းကျော်လွန်ပြီး ဖြစ်သည့်အပြင် မြေပြင်တွင် ဆက်လက်ဆောင်ရွက်ခြင်း မရှိပါသဖြင့် Ayar Pioneer ကုမ္ပဏီအား အမည်ပျက်စာရင်း (Black list) ရေးသွင်း၍ PG ၅ ရာခိုင်နှုန်းနှင့် ကျန်ရှိသည့် လုပ်ငန်းတန်ဖိုး ၄၀ ရာခိုင်နှုန်း ငွေအား အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေစာရင်းသို့ ပေးသွင်းနိုင်ရေး တင်ပြထားကြောင်း။

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များက ဒေသလိုအပ်ချက်အရ တင်ပြလာသည့် လုပ်ငန်းများကို ရန်ပုံငွေပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်ပေးထားပြီး ဖြစ်သည့်အပြင် အခက်အခဲများကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အစိုးရအဖွဲ့များ၏ တင်ပြချက်အပေါ် ရန်ပုံငွေပြန်လည်အပ်နှံလိုမှုများကိုလည်း ပြန်လည်အပ်နှံ ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ ရန်ပုံငွေ ပြန်လည်အပ်နှံသည့် လုပ်ငန်းများ မြေပြင်တွင် ပြီးစီးအောင် ဆောင်ရွက်ရေးမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သင့်လျော်သည့် အစီအမံဖြင့် ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လပွတ္တာမြို့နယ် (ကုန်းကြီး၊ ပုံကမာ၊ ရေတွင်းဆိပ်) ကျေးရွာတို့တွင် ဆောက်လုပ်သည့် Shelter ၃ လုံးအား ဒေသပေါက်ဈေးဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများဖြင့် ဆက်သွယ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **အိမ်ရာမဲ့များ၏ ဘဝရပ်တည်မှုနှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရန် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အိမ်ရာမဲ့များကို လူမှုဘဝရပ်တည်မှု ကောင်းမွန်စေရေး အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကွင်းဆင်း အသိပညာပေး ဟောပြောခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ချပြရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး လေလွင့်တောင်းရမ်းသူများ မရှိစေရေးနှင့် ဝင်ငွေရရှိသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အိမ်ရာမဲ့များအား စနစ်တကျ စိစစ်ဆောင်ရွက်ပြီး တည်ငြိမ်သော အိမ်ရာ၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးစနစ်အတွင်းပြန်လည်ဝင်ရောက်နိုင်စေရန် လူငယ်သင်တန်းကျောင်းများ၊ အိမ်တွင်းမှု အသက်မွေးပညာ သင်တန်းကျောင်းများသို့ ပို့ဆောင်ကာ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်းနှင့် အတန်းပညာများသင်ကြားပေးခြင်းတို့ကို လည်းကောင်း၊ ပုဂ္ဂလိက စက်ရုံ/အလုပ်ရုံများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးခြင်းတို့ကို လည်းကောင်း ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပြီး နေ့စားသဘောမျိုးဖြင့် စီးပွားရေး အမြတ်ထုတ်ကာ တောင်းရမ်းစားသောက်ရန် ခိုင်းစေခြင်းခံရသူများအား ကူညီကယ်တင်၍ ထိုသို့ ပြုလုပ်ရန် ခိုင်းစေသူများအား ဖော်ထုတ်ကာ ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ခြင်း တို့အား သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးစောမောင်၏ **ကျန်းမာရေးဌာန၏ အောက်ခြေဝန်ထမ်းများ အရည်အချင်း ပြည့်မီပါက ရာထူးတိုး စာမေးပွဲဖြေဆိုခွင့် ပုံမှန်ရရှိရေး ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အမှုထမ်းများ၏ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များအား နှစ်စဉ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ရာထူးတိုးလုပ်ငန်းစဉ်နှင့် အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ အရည်အချင်းနှင့်ကိုက်ညီသူ အမှုထမ်းများအား ရာထူးတိုးစာမေးပွဲ စစ်ဆေးခဲ့ပြီး ရုံးအကူ/ လုပ်သား/ သန့်ရှင်းရေးစသည့် အောက်ခြေဝန်ထမ်းများ အပါအဝင် အမှုထမ်း စုစုပေါင်း ၂၅၃ ဦးအား ရာထူးတိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ကုသရေးဦးစီးဌာနတွင် ဗဟိုအဆင့်ဆေးရုံကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံများတွင် ခန့်ထားသော အကူသူနာပြုများအား သတ်မှတ်ထားသောအသက်၊ လုပ်သက်ကာလ၊ ပညာအရည်အချင်းများ ပြည့်မီကိုက်ညီပါက ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနမှ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးသော သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် သားဖွားဒီပလိုမာ(၂)နှစ် သင်တန်းများအား ဝင်ခွင့် လျှောက်ထားနိုင်ပြီး သင်တန်းဆင်း အောင်မြင်ပြီးပါက သူနာပြု၊ သားဖွားဆရာမရာထူးသို့ တိုးမြှင့်ခန့်ထားပေးပါကြောင်း။

ပြည်သူ့ဆေးရုံများနှင့် ဌာနများရှိ သတ်မှတ်အရည်အချင်းနှင့် လုပ်သက်ပြည့်မီသော အမှုထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားခြင်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် ရာထူးတိုးမြှင့်ခန့်ထားရေးအစီအစဉ်အား အောက်တိုဘာလတွင် အရည်အချင်းစစ် စာမေးပွဲများ ကျင်းပမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီ၍ အရည်အချင်းပြည့်မီသော အမှုထမ်းများအား ရာထူး တိုးမြှင့်ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတော မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ် မန်ကျည်းပင် တိုက်နယ်ဆေးရုံအဆောက်အအုံအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ငပုတော မြို့နယ် မန်ကျည်းပင် တိုက်နယ် ဆေးရုံ အဆောက်အအုံအား ၁၈-၂-၂၀၀၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ၁၆ ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနေပါကြောင်း၊ အဆိုပါ အဆောက်အအုံတွင် လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ပါရှိပြီး ဓာတ်ခွဲခန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စံကိုက်ဓာတ်ခွဲခန်းအဖြစ် ပြင်ဆင်ဆောင်ရွက်ခဲ့ကာ ဓာတ်မှန်ခန်းအား အလှူရှင်များက ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ ၂၂-၆-၂၀၂၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ မြေပြင် ကွင်းဆင်း စစ်ဆေးချက်အရ ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရေး နှင့်ကြံ့ခိုင်ရေးအတွက် ဦးစားပေး လုပ်ငန်းများအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ သားဖွားခန်းနှင့် သားဖွားလူနာဆောင်တို့တွင် Trolly Way ပြုလုပ်ခြင်းမှာ ၁၀၀ ရာခိုင်နှုန်း၊ အရေးပေါ်လူနာဆောင် ပြုပြင်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ဓာတ်မှန်ခန်းတွင် Control Room ပြုလုပ်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ဓာတ်မှန်ခန်းပြုပြင်ခြင်း ၅၀ ရာခိုင်နှုန်း၊ ဆေးရုံပင်မဆောင်၊ အမျိုးသား/ အမျိုးသမီး လူနာကုသဆောင်များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းတို့မှာ ၉၀ ရာခိုင်နှုန်း၊ ရင်ခွဲရုံပြန်လည်တည်ဆောက်မွမ်းမံခြင်း ၂၅ ရာခိုင်နှုန်း၊ ရင်ခွဲရုံသို့ လျှောက်လမ်းပေ ၁၀၀ အရှည်ခင်းခြင်း ၁၀၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အမှိုက်မီးရှို့ဆောင် ပြန်လည်တည်ဆောက်မွမ်းမံခြင်း၊ ဆေးရုံခြံစည်းရိုးကာရံခြင်းလုပ်ငန်းတို့အတွက် ပစ္စည်းများဝယ်ယူထားရှိပြီးဖြစ်၍ ရာသီဥတုအပေါ်မူတည်၍ ပြုပြင်လျက်ရှိပါကြောင်း၊ ခွဲစိတ်ခန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ရန် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူး မဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့ ခရိုင်ပြည်သူ့ဆေးရုံ အတွက် အထူးကုဆရာဝန်များ ခန့်ထားပို့ဆောင်ရန်၊ လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများအား ပို့ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်းက တမူးပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် ဒေါက်တာထန်ရှန်းခိုင် တာဝန် ထမ်းဆောင်လျက်ရှိပါကြောင်း၊ အတွေ့အကြုံရင့်ကျက်ပြီး ခွဲစိတ်ကုသမှုများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည့် လုပ်သက်ရင့် ဆရာဝန် တစ်ဦးဖြစ်ပါကြောင်း၊ တမူး ပြည်သူ့ဆေးရုံသည် နေ့စဉ်ပြင်ပလူနာနှစ်ဦးနှင့် အတွင်းလူနာ ၂၄ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အထူးကုဆရာဝန်များအား နှစ်စဉ် လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်ကို အရည်အသွေးပြည့်ဝစွာ ပေးအပ်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် နည်းပါးမှုကိုလည်း ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ အရေးပေါ် ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်ရန်အတွက် ခွဲစိတ်အထူးကု ဆရာဝန်တစ်ဦးအား ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်ထား ပေးသွားမည်ဖြစ်ပြီး နယ်မြေဒေသ အခြေအနေနှင့် ဆေးရုံလုပ်ငန်း ဆောင်ရွက်မှုများအပေါ်မူတည်၍ အထူးကု ဆရာဝန်များအား ထပ်မံ လျာထားသွားမည်ဖြစ်ပါကြောင်း။

တမူး ပြည်သူ့ဆေးရုံသည် ခုတင်(၁၀၀)ဆံ့ ဆေးရုံဖြစ်သဖြင့် ကုသရေးဦးစီးဌာန ဖြန့်ဖြူးရေးဌာနခွဲမှ ဆေးနှင့်ဆေးပစ္စည်းများအား စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တစ်ဆင့် ဖြန့်ဖြူးလျက် ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေး ဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် တမူးမြို့ပြည်သူ့ ဆေးရုံသို့ ထောက်ပံ့မည့်ဆေးနှင့်

စာမျက်နှာ ၄ သို့ ☆

✰ စာမျက်နှာ ၃ မှ

ဆေးပစ္စည်းများအား ချင်းတွင်းမြစ် ရေကြောင်းလမ်းဖြင့် ကလေးဝဆိပ်ကမ်းသို့ ပို့ဆောင်ပြီး ကလေးဝဆိပ်ကမ်းမှ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင်ထားရှိပြီး ကလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ တမူးမြို့ပြည်သူ့ဆေးရုံ၏ အစီအစဉ်ဖြင့် သွားရောက်သယ်ဆောင်နိုင်ရန် စီစဉ်ထားပါကြောင်း၊ ကာကွယ်ဆေးကဲ့သို့သော အအေးခန်းတွင်ထားသိုရန် လိုအပ်သော ဆေးများအား ကလေးမြို့မှ တစ်ဆင့် ဒေသကွပ်ကဲရေး စစ်ဌာနချုပ်(ကလေး)နှင့် ညှိနှိုင်း၍ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်အိဖြူလွင်၏ **ဂန့်ဂေါမြို့ ဆေးရုံများ၌ အရေးပေါ် လိုအပ်နေသည့် ဆေးရုံအုပ်နှင့် ဆရာဝန်များ အမြန်ဆုံး စေလွှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မကွေးတိုင်းဒေသကြီး ဂန့်ဂေါပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် ဒေါက်တာဝင်းထိုက်နှင့်အတူ ကျန်းမာရေးဝန်ထမ်း ၁၈ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ နယ်မြေလုံခြုံရေး အခြေအနေ တိုးတက် ကောင်းမွန်လာပါက လုပ်ငန်းလိုအပ်ချက်အရ စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးသည် နယ်မြေအခြေအနေကို အနီးကပ်စောင့်ကြည့်ပြီး ပြည်သူ့ဆေးရုံကြီး မကွေးမြို့မှ လက်ထောက်ဆရာဝန်တစ်ဦးအား တွဲဖက်တာဝန်ချထားပေးသွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများအား ပြန်လည်စေလွှတ် တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ခနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ခနုဖြူမြို့နယ် စခန်းကြီးကျေးရွာရှိ ကြပ်ရိုးကျေးရွာမှ တော်ဖျားအရှေ့ကျေးရွာအထိ ရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်ရှိ တော်ဖျား-ကြပ်ရိုး-အကယ်ကြီး-ဇီးဖျောက် ကျေးရွာချင်းဆက် မြေသားလမ်း ၃ မိုင် ၆ ဒသမ ၅ ဖာလုံရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းစာရင်းတွင်ပါဝင်ခြင်း မရှိပါသဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲခွင့်ရှိသော လမ်းအဖြစ် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြပ်ရိုး အခြေခံပညာ မူလတန်းကျောင်းရှေ့မှ တော်ဖျားအရှေ့ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှေ့အထိ ရွာချင်းဆက်မြေသားလမ်းသည် ၂ မိုင် ၆ ဒသမ ၂၄ ဖာလုံမှ ၃ မိုင် ၆ ဒသမ ၅ ဖာလုံအထိ အရှည်(ပေ ၅၄၅၀) ၁ မိုင် သုည ဒသမ ၂၆ ဖာလုံရှိပါကြောင်း။

မြေပြင်ကွင်းဆင်း စိစစ်ချက်အရ မြေသားလမ်းဖြစ်သောကြောင့် အချို့နေရာများတွင် လမ်းသားနိမ့်ကျမှု ဖြစ်ခြင်း၊ လမ်းချိုင့်ကြီးများ ဖြစ်ပေါ်နေ၍ မိုးတွင်းကာလ သွားလာရေးခက်ခဲလျက်ရှိခြင်းတို့ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ လမ်းသည် အကျယ် ၁၇ ပေခန့်သာရှိသော မြေသားလမ်းဖြစ်သည့်အတွက် လမ်းအရှည် ၁ မိုင် သုည ဒသမ ၂၆ ဖာလုံအား သတ်မှတ်လမ်းအကျယ် ၂၂ ပေရရှိရန် အတွက် လမ်းတာပေါင် ချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၄၈၉ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

ကလေးသူငယ်/ကျောင်းသားကျောင်းသူများ ကျောင်းဖွင့်ချိန်ကာလတွင် ချောမွေ့လွယ်ကူစွာ သွားလာနိုင်ရန် ရည်မျှော်၍လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအရ လည်းကောင်း ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်သို့ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသော လမ်းပိုင်း ၁ မိုင် သုည ဒသမ ၂၆ ဖာလုံအား မြေသားတာပေါင် ချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဇီးကုန်း မဲဆန္ဒနယ်မှ ဦးကျော်မင်းထွန်း၏ **ဇီးကုန်းမြို့နယ် အုတ်ဖို-သစ်နဖားပင်-ရေအိုးစင်ကုန်း-သစ်နဖား ကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်နဖား- ရေအိုးစင်ကုန်း- သစ်နဖားပင်- သစ်ဖြူကွင်းလမ်းသည် တိုင်းဒေသကြီးမှစီမံခန့်ခွဲသောလမ်းဖြစ်ပြီး ပြည်ထောင်စုမှ ကြီးကြပ်ကွပ်ကဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါ လမ်းသည် အရှည် ၂ မိုင် ၅ ဖာလုံရှိပြီး ကျောက်ချောလမ်း ၅ ဖာလုံနှင့် အမာခံလမ်း ၂ မိုင်ရှိပါကြောင်း။

လက်ရှိမြေပြင်အခြေအနေမှာ အမာခံလမ်းပိုင်း ၂ မိုင်တွင် အချို့နေရာများမှာ ပျက်စီးလျက်ရှိပါကြောင်း၊ကျောက်ချောလမ်းအဆုံး ၅ ဖာလုံမှစ၍ မြေသားတာပေါင် ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်း ၄ ဖာလုံအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် လျာထားပေးမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေး မဲဆန္ဒနယ်မှ ဦးဝင်းငွေ၏ **လယ်ဝေးမြို့နယ် ပတ္တာကျေးရွာရှိ ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် လေကြောင်းရန် ကာကွယ်ရေးတပ်သို့ ဆက်သွယ်သောလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရန်ကုန်- မန္တလေး လမ်းဟောင်းနှင့် လေကြောင်းရန် ကာကွယ်ရေးတပ် (အင်ပင်သာ) သို့ ဆက်သွယ်သော လမ်းသည် လမ်းအရှည် ၃ မိုင် ၂ ဖာလုံရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံကွပ်ကဲသော လမ်းဖြစ်ပါကြောင်း၊ အင်ပင်သာကျေးရွာ၊ ရှားချောင်းကျေးရွာနှင့် ပတ္တာကျေးရွာ စသည့်ကျေးရွာ ၃ ရွာကို ဖြတ်သန်းဖောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်း ဖြစ်ပါကြောင်း။

အင်ပင်သာကျေးရွာ၊ ရှားချောင်းကျေးရွာနှင့် ပတ္တာကျေးရွာသည် လမ်းဦးစီးဌာနပိုင် ရန်ကုန်-မန္တလေးအမြန်လမ်း ချဉ်းကပ်လမ်း(ကုန်ထုတ်လမ်း) အား အသုံးပြု၍ လည်းကောင်း၊ V4 မြို့ပတ်လမ်းမှ လည်းကောင်း၊ ရန်မန်းလမ်းဟောင်းမှ လည်းကောင်း လယ်ဝေးမြို့သို့ရာသီမရွေး ဆက်သွယ် သွားလာနိုင်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်ဘောင်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွမ်းခြံကုန်း မဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် တော်ကေး-ဗီလခတ် ကျေးရွာချင်းဆက် လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တော်ကေး-ဗီလခတ်ကျေးရွာချင်းဆက်လမ်းသည် အရှည် ၂ မိုင် ၂ ဒသမ ၆ ဖာလုံရှိပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော Class A အဆင့်လမ်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်းတွင် ကျောက်ချောလမ်း ၁ မိုင် ၂ ဒသမ ၅ ဖာလုံ၊ မြေသားလမ်း ၁ မိုင် သုည ဒသမ ၁ ဖာလုံရှိပါကြောင်း၊ကျောက်ချောလမ်း ၁ မိုင် ၂ ဒသမ ၅ ဖာလုံကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက် ပေးခဲ့ပါကြောင်း၊ မြေသားလမ်း ၁ မိုင် သုည ဒသမ ၁ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြေသားတာပေါင်ချဲ့ခြင်း ဆောင်ရွက်လျက်ရှိပြီး ရာသီဥတုအခြေအနေပေါ်မူတည်၍ ကျောက်ချောလမ်းခင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကျေးလက်လမ်း မဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ဦးစားပေးဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပြီးပါက ရာသီမရွေး သွားလာနိုင်ပါသဖြင့် လတ်တလောတွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘို မဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **ရွှေဘိုမြို့နယ် ခွန်တောင်းကြီး ကျေးရွာအဝင်လမ်းအား အဆင့်မြှင့်တင်ရန်အတွက် နီးစပ်သောဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ပါရန် သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရွှေဘိုမြို့နယ် ရွှေဘို-ရေဦးလမ်းမှ ခွန်တောင်းကြီးရွာ အဝင်လမ်းသည် ကျောက်လမ်း ၂ မိုင် ၃ ဖာလုံရှိပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော Class A လမ်းဖြစ်ကာ လမ်းဦးစီးဌာနပိုင် ရွှေဘို-ရေဦးလမ်းနှင့် ချိတ်ဆက်ထားရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျေးရွာအစီအစဉ်ဖြင့် ကျောက်လမ်းခင်းခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ရှိ ပျက်စီးနေသည့် ခွန်တောင်းကြီးကျေးရွာ ရွာအဝင်လမ်းအရှည် ၂ မိုင် ၃ ဖာလုံ ကျောက်ချောလမ်းအား ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား ယခုအခါတွင် မြေပြင်ကွင်းဆင်းဆောင်ရွက်နိုင်မှု အခြေအနေ မရှိသေးပါသဖြင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပြီးမှသာ ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို အောက်တိုဘာ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့



## သက်ကြီးဘိုးဘွားများအား ဆေးဝါးကုသခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးဆောင်ရွက်သော မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ဆေးဝါးကုသခြင်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက ပြည်ကြီးမျက်ရှင်ရပ်ကွက်မှ စတင်ကာ ဆောင်ရွက်သည်။

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ဆေးဝါးကုသခြင်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရာတွင် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိနန္ဒာဝင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သူနာပြုဆရာမများက အိမ်တိုင်ရာရောက် သွားရောက်တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်သည်။

ထို့နောက် သက်ကြီးအဘိုး၊ အဘွားများ တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀၀၊ ဖီးကြမ်းငှက်ပျောသီး၊ ကြက်ဥ၊ အိုဗာတင်း၊ ကြာဇံထုပ်၊ လုံချည်နှင့် ပုဆိုးများ၊ လက်ဖက်၊ ကိတ်မုန့်၊ ဆပ်ပြာခဲ၊ သစ်သီးယိုဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ပြန်/ဆက်)

## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ်အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဒေါ်မြသန္တာဆွေက အမှာစကားပြောကြားပြီး မူးယစ်သမိုင်းကြောင်းကို အမှုဆောင် ဒေါ်သင်းသင်းဦးက ဟောပြောပြီး အရက်၊ ကွမ်း၊ ဆေးဥပါဒ်ပေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောပြီး လူငယ်နှင့် စိတ်ကြွဆေးအကြောင်းကို တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက ပြောကြားသည်။

ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်သည်။

မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြသည်။ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသားဦးရေ ၂၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၇၀)



# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁၀/၂၀၂၆)ထုတ်ပြန်

၁။ လူသားတို့၏ ပျမ်းမျှသက်တမ်းမြင့်တက်လာခြင်းနှင့်အတူ တစ်နှစ်ထက်တစ်နှစ် အရေအတွက် တိုးပွားလျက်ရှိသည့် သက်ကြီးပုဂ္ဂိုလ်များအား အသိအမှတ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးနှင့်သက်ဆိုင်သော အခြေခံမူများ ချမှတ်ခဲ့ပါသည်။

၂။ ယင်းအခြေခံမူများနှင့်အညီ သက်ကြီးပုဂ္ဂိုလ်များ၏ လွတ်လပ်စွာ ရပ်တည်ဆုံးဖြတ်ချက်ချနိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊ ပြုစုစောင့်ရှောက်မှု ခံယူပိုင်ခွင့်၊ မိမိစွမ်းရည်ကို အပြည့်အဝဖော်ထုတ်နိုင်ရန် အခွင့်အလမ်းများရရှိခွင့်နှင့် ခွဲခြားဆက်ဆံခံရခြင်း ကင်းဝေးပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ခွင့်တို့ကို မြှင့်တင်ကာကွယ်ပေးခြင်းဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝအရည်အသွေးကို မြင့်မားစေသည့်အပြင် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အဖိုးအနဂ္ဃထိုက်တန်သော အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေမည် ဖြစ်ပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် သက်ကြီးပုဂ္ဂိုလ်များသည် အခြားသူများနည်းတူ အသက်ရှင်သန်ခွင့်၊ လုံလောက်သည့် လူနေမှုအဆင့်အတန်းအတွက် လူမှုအထောက်အပံ့များ ရရှိခွင့်နှင့် ဘဝလုံခြုံမှုရရှိခွင့်တို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်းမှာ သက်ကြီးပုဂ္ဂိုလ်များဖြစ်ရာ ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီတို့ကို ဖွဲ့စည်းကာ သက်ကြီးပုဂ္ဂိုလ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး အလေးထား ကူညီဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သက်ကြီးပုဂ္ဂိုလ်များ၏ လူသားဂုဏ်သိက္ခာကို အသိအမှတ်ပြုကာ ၎င်းတို့၏အခွင့်အရေးများ မြှင့်တင်ကာကွယ်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သက်ကြီးပုဂ္ဂိုလ်များ ပြုစုစောင့်ရှောက်ရေးသင်တန်းများတွင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးများ ထည့်သွင်းဆွေးနွေးပို့ချခြင်းနှင့် ဘိုးဘွားရိပ်သာများတွင် အခြေခံလူ့အခွင့်အရေးများဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ အစာအာဟာရနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှု၊ မိသားစု၊ မိတ်ဆွေများနှင့် တွေ့ဆုံနိုင်ရေးစီစဉ်ပေးမှု စသည်တို့အပေါ် သွားရောက်ကြည့်ရှု၍ သက်ကြီးပုဂ္ဂိုလ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး သက်ဆိုင်ရာသို့ အကြံပြုခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons) အတွက် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ **"The Age of Longevity: Rethinking Systems for Longer Lives" (သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်)**ဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်ရှိသက်ကြီးပုဂ္ဂိုလ်အားလုံး ဂုဏ်သိက္ခာရှိစွာဖြင့် သက်ရှည်ကျန်းမာနေပျော်သည့် ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေးအတွက် သမားရိုးကျ ဘဝနေထိုင်မှုလမ်းကြောင်းများမှသည် ဘဝနေနည်းပုံစံသစ်များ ဖော်ဆောင်ရန်နှင့် ကမ္ဘာ့လူနေမှုစနစ်များကို ပြန်လည်ဆန်းစစ်ရန် နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းအားလုံးက အလေးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

## AI Model Version 1 ကို အသုံးပြု၍ ဥပဒေမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ပြောကြား



နေပြည်တော် စက်တင်ဘာ ၃၀

AI Model Version 1 ကို အသုံးပြု၍ ဥပဒေမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရှေ့ဆက်ဆောင်ရွက်မည့် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းများဆိုင်ရာ အစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက AI Model Version 1 တွင် ဥပဒေအမေးအဖြေပေါင်း ၁၃၀၀၀၀ ကျော်ကို ထည့်သွင်းလေ့ကျင့်နိုင်ခဲ့ပြီး ထပ်မံထည့်သွင်းလေ့ကျင့်ရန် ဥပဒေ Domain များ ရွေးချယ်ထားကြောင်း၊ AI Model Version 1 ကို မကြာမီကာလတွင် အများပြည်သူသို့ Launching ပြုလုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့အတူ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဘုန်းကျော်က Myanmar Legal Assistant AI Model Version 1 တွင် ဥပဒေသတင်းအချက်အလက်များ ထည့်သွင်းဆောင်ရွက်မှု တိုးတက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဥပဒေအသိပညာပြန့်ပွားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## တောင်တွင်းကြီးမြို့နယ်တွင် အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**တောင်တွင်းကြီး စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် အခွန်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြေစာအမှတ်တံဆိပ်ဖြင့် ကပ်နိုပ်ရောင်းချသည့် လုပ်ငန်းရှင်များဖြစ်သော စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေနှင့်လက်ဝတ်ရတနာရောင်းချသည့် လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်း (Handset)နှင့် ဆက်စပ်ပစ္စည်းများရောင်းချသည့် လုပ်ငန်းရှင်များအား အခွန်ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်(၁၀)နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (community centre)တွင် ကျင်းပပြုလုပ်ခဲ့သည်။ ရှေးဦးစွာ မြို့နယ်အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းထိုက်ဦးက အခွန်ဆိုင်ရာအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုံညီစွာတက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား အခွန်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသုနိုးမြေ)**

## ကုန်းတွင်းမုန်တိုင်းငယ် သတိပေးချက် မီးသတ်တပ်ဖွဲ့ဝင်များမှ လှည့်လည်နှိုးဆော်

**မကွေး စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်းရှိ ပြည်သူများ မုန်တိုင်းအန္တရာယ်မှ ကြိုတင်သိရှိ သတိပြုနိုင်ရေးအတွက် မကွေးမြို့နယ် မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ကုန်းတွင်းမုန်တိုင်းငယ်သတိပေးချက်များကို ယနေ့ညနေပိုင်းတွင် မကွေးမြို့နယ်အတွင်း လှည့်လည် နှိုးဆော်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ လှည့်လည်နှိုးဆော်ရာတွင် ယမန်နေ့မွန်းလွဲ ၁၂ နာရီအချိန်ထုတ်ပြန်ခဲ့သည့် "ကုန်းတွင်းမုန်တိုင်းငယ် သတိပေးချက်အမှတ်စဉ် (၀၆/၂၀၂၆)" ကို ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် မကွေးမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်စိုးမောင် ဦးဆောင်သော တပ်ဖွဲ့ဝင် ၅ ဦး ဖြင့် မကွေးမြို့နယ်အတွင်းရှိရပ်ကွက်များနှင့် လူစည်ကားရာနေရာများသို့ လှည့်လည်နှိုးဆော်ပေးခဲ့သည်။

အဆိုပါ သတိပေးနှိုးဆော်မှုများမှတစ်ဆင့် ပြည်သူများ အနေဖြင့် မုန်တိုင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အစဉ်အမြဲဂရုပြုနားထောင်ကြရန်၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများကို ပြင်ဆင်ထားကြရန်နှင့် အရေးပေါ်အခြေအနေများကြုံတွေ့ပါက မီးသတ်တပ်ဖွဲ့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ကုန်းတွင်းမုန်တိုင်းငယ်ဝင်ရောက်ခဲ့သည့် လမ်းကြောင်းနှင့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သည့် နေရာဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃၀

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံချက်များရေးဆွဲကာ ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိ၍ သဘာဝဘေး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မုတ္တမကွေ့ မွန်-တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင် စက်တင်ဘာ ၂၇ ရက်၌ စတင်ဖြစ်ပေါ်ခဲ့သည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ မုန်တိုင်းငယ်သည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၂၈ ရက်တွင် တိုင်းထွာချက်အရ မြန်မာနိုင်ငံ မွန်ပြည်နယ် ကျိုက်ထိုမြို့၏ တောင်ဘက်မှ စတင်ဖြတ်သန်းဝင်ရောက်ခဲ့ရာ ဖြူးမြို့၊ ရေတာရှည်မြို့၊ ရေနံချောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့အကြား၊ ညောင်ဦးမြို့ အနောက်ဘက်တို့မှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ မတူပီမြို့အနီးမှ ဖြတ်ကျော်ကာ ချင်းပြည်နယ်နှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်ကာ အားကောင်းသော လေဖိအား နည်းရပ်ဝန်းသည် မြောက် - အနောက်မြောက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းကြောင်းနှင့် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားရှိသည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ် ဖြတ်သန်း ဝင်ရောက်ခဲ့သည့် လမ်းကြောင်း တစ်လျှောက်ရှိ ဒေသများနှင့် မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် မြို့ရွာများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ လောင်းလုံးမြို့၊ သရက်ချောင်းမြို့၊ ပလောက်မြို့၊ တနင်္သာရီမြို့၊ ဘုတ်ပြင်းမြို့၊ ခမောက်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အိုမတွေ့ကျေးရွာ၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအုပ်စုတို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ နေအိမ်များအတွင်း ရေဝင်ရောက်



တနင်္သာရီမြို့ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ပလောက်မြို့၌ စက်ယန္တရားများဖြင့် လမ်းများပြုပြင်နေစဉ်။



ထားဝယ်မြို့၌ ရေများပြန်လည်ကျဆင်းသွားပြီးဖြစ်သဖြင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



လောင်းလုံးမြို့၌ ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။



ပဲခူးမြို့ရှိ ကျုံးအဟောင်းအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မှုများ၊ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများ၊ လမ်းပျက်စီးမှုများ ဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့်သစ်ပင်သစ်ကိုင်းများ ပြိုလဲခြင်း၊ လူနေအိမ်များထိခိုက်ပျက်စီးခြင်း အစရှိသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်ဒေသများရှိ ရေဘေးသင့်ပြည်သူများအား သက်ဆိုင်ရာဒေသများရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရေကျော်ဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသော ကားလမ်းမကြီးများတွင် မော်တော်ယာဉ်များသွားလာနိုင်ရေးအတွက် လမ်းကြောင်းပြ အမှတ်အသားများဆောင်ရွက်ပေးခြင်း၊ မြေပြိုမှု ဖြစ်ပေါ်သည့် နေရာများတွင် လူအင်အား၊ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခြင်း၊ အများပြည်သူများ ပုံမှန်အတိုင်းသွားလာအသုံးပြုနိုင်ရေးအတွက် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းပေးခြင်း၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေပြန်လည်ကျဆင်းချိန်၌ တင်ကျန်ရစ်သော သစ်ပင်သစ်ကိုင်းများ၊ အမှိုက်များ၊ နုန်းမြေများ ဖယ်ရှားရှင်းလင်းပေးခြင်း အစရှိသည့် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့ရွာများဖြစ်သည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်းဘွဲ့မြို့၊ ဘီးလင်းမြို့၊ မုဒုံမြို့၊ သံဖြူဇရပ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ လှည်းကူးမြို့၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ရေတာရှည်မြို့၊ ပဲခူးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေကျော်ဝင်ရောက်ခြင်း၊ ရေဝပ်ဧရိယာများဖြစ်ပေါ်ခြင်းတို့ မရှိစေရန်အတွက် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ နုန်းမြေများ ဆယ်ယူခြင်း၊ ရေစီးရေလာကောင်းစေရေး ဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ခြင်းနှင့် စုဖွဲ့ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုအား ဖြတ်ကျော်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် သဘာဝဘေးကျရောက်ချိန်တွင်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



လှည်းကူးမြို့နယ် ဆီဆုံကုန်းကျေးရွာ လမ်းဘေးဝဲယာ တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်စဉ်။



မော်လမြိုင်မြို့ ရေစီးရေလာကောင်းမွန်မှုရှိစေရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



လှိုင်းဘွဲ့ချောင်းကမ်းပါး၌ ရေထိန်းတမံဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ဝမ်းတွင်းမြို့နယ် အိုမတွေ့ကျေးရွာအတွင်း လမ်းပိတ်ဆို့နေသည့် သစ်ပင်များအား ဖယ်ရှားရှင်းလင်းမှုကို တွေ့ရစဉ်။

# အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့နိုင်ရန်ရည်ရွယ်၍ တရားခံပြေး သင်းသင်းနွယ်နှင့်အတူ တရားမဝင်အလှကုန်ပစ္စည်းများနှင့် ကျောက်မျက်ရတနာပစ္စည်းများရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများအား ဖမ်းဆီးရမိ



တရားခံပြေး
သင်းသင်းနွယ်



ဖမ်းဆီးရမိတရားခံ
လင်းမင်းအောင်



ဖမ်းဆီးရမိတရားခံ
နေလင်းဦး



ဖမ်းဆီးရမိတရားခံ
ဆိုဖီသင်း



ဖမ်းဆီးရမိတရားခံ
အိအိသူ

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသော်လည်း NUG ၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများနှင့် လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိရာ အချို့အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ ဝင်ငွေရှာဖွေကာ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် အားပေး ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုများဖြစ်ပေါ်စေရန် လူမှုကွန်ရက်မှတစ်ဆင့် Post တင်ရေးသားခဲ့ခြင်းတို့ကြောင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ ထွက်ပြေးတိမ်းရှောင် လျက်ရှိသည့် တရားခံပြေး သင်းသင်းနွယ်သည် လူမှုကွန်ရက်အသုံးပြု၍ ရွှေနဒီ & Inca Pure အမှတ်တံဆိပ် အလှကုန်ပစ္စည်းများနှင့် Shwe Nadi Jewelry အမှတ်တံဆိပ် ကျောက်မျက်ရတနာများ ရောင်းချ၍ NUG အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များအား အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ထိုသို့ တရားမဝင်ကုန်ပစ္စည်းများရောင်းချနိုင်ရန် ပြည်တွင်း၌ နေထိုင်သူအချို့က ဝယ်ယူရောင်းချခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရှိရသည်။

အဆိုပါ တရားခံပြေး သင်းသင်းနွယ်၏ တရားမဝင်အလှကုန်ပစ္စည်းများနှင့် တရားမဝင် ရတနာပစ္စည်းများရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများအား ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် တရားမဝင်အလှကုန်ပစ္စည်းများ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးသူ လင်းမင်းအောင်အား ပြည်မြို့ရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် တရားမဝင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးသူ နေလင်းဦးနှင့် တရားခံပြေး သင်းသင်းနွယ်၏ ညီမဖြစ်သူ ဆိုဖီသင်းတို့ နှစ်ဦးအား သဃ်န်းကျွန်းမြို့နယ် ၎င်းတို့၏နေအိမ်၌ လည်းကောင်း၊ တရားမဝင် ငွေကြေးလွှဲပြောင်းရာတွင် ကူညီဆောင်ရွက်ပေးသူ အိအိသူအား ဒေါပုံမြို့နယ် ၎င်း၏နေအိမ်၌ လည်းကောင်း စုစုပေါင်း တရားခံ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအား စိစစ် ဖော်ထုတ်ချက်များအရ လင်းမင်းအောင်၊ နေလင်းဦးနှင့် ဆိုဖီသင်းတို့သည် ရွှေနဒီ& Inca Pure အလှကုန်နှင့် တရားမဝင် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းအား တရားခံပြေး သင်းသင်းနွယ်နှင့် အကျိုးတူပူးပေါင်း၍ လူမှုကွန်ရက်မှတစ်ဆင့် လုပ်ကိုင်လျက်ရှိကြောင်း၊ ထို့ပြင် အိအိသူသည်အဆိုပါကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းတွင် ၎င်း၏အမည်ဖြင့် ဖွင့်လှစ်ထားသည့် Mobile Payments အကောင့်များဖြင့် အခကြေးငွေ ရယူ၍ ငွေလွှဲလက်ခံရယူခြင်းနှင့် အခြားအကောင့်များသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ ပြုလုပ်နိုင်ရန် ကြားခံအဖြစ် တရားခံပြေး သင်းသင်းနွယ်အား ကူညီဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ၎င်းတို့ လေးဦးအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မိဘပြည်သူများ အနေဖြင့် အကြမ်းဖက်အဖွဲ့များအား အားပေးကူညီထောက်ပံ့ရန် ရည်ရွယ်၍ တရားမဝင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသူများ၊ ဝယ်ယူအားပေးသူများ၊ ထိုသို့ ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်ပေးသူများအား သိရှိပါက သက်ဆိုင်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအား ကူညီထောက်ပံ့မှုများပြုလုပ်နိုင်ရန်ရည်ရွယ်၍ လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသူများနှင့် ကူညီဆောင်ရွက်ပေးသူများအား ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့




**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးအား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၈၂ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၅၇၈ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၀၄ ဦးအား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

| ပီဟာအာရှပလား အုပ်စုအဆင့် အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အရှေ့တီမော | ၂ | - | ၂ | ကမ္ဘောဒီးယား |
| ဘရူနိုင်း | ၀ | - | ၂ | ဟောင်ကောင် |

## ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်း ကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၃၀**

ကျောင်းသား၊ ကျောင်းသူများ စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို သိရှိနားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့ထုတ် အတွဲ(၂၃)၊ အမှတ်(၁၈) ဒွိကျေးရွာ ဂျာနယ်မှ ဆရာဒေါက်တာသန်းထွန်းရေးသားသည့် "လူငယ်တွေ စာဖတ်ကြပါ" ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကို ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စက်တင်ဘာ ၂၉ ရက်နံနက် ၁၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က စာဖတ်ဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆောင်းပါးပါ စာဖတ်ခြင်းကြောင့် မတူညီသောဘဝများ၊ ယဉ်ကျေးမှုများနှင့် တွေ့ကြုံမှုများကို ဝင်ရောက်ခံစားနိုင်သည့် စာနာစိတ်များဖြစ်ပေါ်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘဝကို ပေါ့ပါးစေပြီး စဉ်စားတွေးခေါ်မှု တိုးတက်စေမည့် ဝတ္ထုများ၊ ကဗျာများဖတ်ခြင်း၊ အကျိုးရှိသည့် စာပေများကို ဖတ်ရှုပါက ဘဝကို တိုးတက်ပြောင်းလဲနိုင်ပုံအကြောင်းများအား ဦးဆောင်ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် အထက(၁)G-8 မှ ကျောင်းသား၊ ကျောင်းသူ ၅၁ ဦးတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ ဆောင်းပါးနှင့် ပတ်သက်၍ မိမိတို့၏ အတွေးအမြင်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ဘရူနိုင်းနိုင်ငံ၏ အိမ်ရှေ့မင်းသား အယ်လ်မုတာဒီဘီလာ စင်ကာပူနိုင်ငံမှ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး



**စင်ကာပူ စက်တင်ဘာ ၃၀**

ဘရူနိုင်းနိုင်ငံ၏ အိမ်ရှေ့မင်းသား အယ်လ်မုတာဒီဘီလာသည် စက်တင်ဘာလ ၂၉ ရက်က စင်ကာပူနိုင်ငံ အကြီးအကဲများနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကြား အကျိုးစီးပွားဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ တိုးမြှင့်လုပ်ဆောင်ရန် ဆွေးနွေးခဲ့သည်ဟု စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘရူနိုင်းဝန်ကြီးချုပ်ရုံး၏ ဒုတိယဝန်ကြီးလည်းဖြစ်သူ အိမ်ရှေ့မင်းသားသည် (၁၂)ကြိမ်မြောက် စင်ကာပူ-ဘရူနိုင်း ခေါင်းဆောင်ငယ်များအစီအစဉ်သို့ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ အဆိုပါ အစီအစဉ်ကို နှစ်ဖက်စလုံးမှ မျိုးဆက်သစ်ခေါင်းဆောင်များအကြား ရင်းနှီးကျွမ်းဝင်မှု မြှင့်တင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်အတွက် ၂၀၁၃ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ခြင်း ဖြစ်သည်။

အိမ်ရှေ့မင်းသားအား သမ္မတ သာမန်ရှမ်းမူဂရတ်နမ်က လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး လောရန့်စ်ဝေါင်းနှင့်လည်း တွေ့ဆုံခဲ့သလို ဝန်ကြီးဟောင်း လီရှန်လွန်းက မွန်းလွဲစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**Mon**

## ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံးတွင် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့် တရုတ်သွင်းကုန်ပမာဏ စံချိန်သစ်တင်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီ

**ပေကျင်း စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံ၏ တိုးတက်ပြောင်းလဲလာသော ဈေးကွက်နှင့် ဆက်လက်ဖွင့်လှစ်ပေးမှုတို့ကြောင့် နိုင်ငံခြားကုမ္ပဏီများအတွက် အမှာစာများ ပိုမိုရရှိလာပြီး ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံးတွင် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာသဖြင့် ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ သွင်းကုန်ပမာဏသည် စံချိန်သစ်တင်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဟု ကူးသန်းရောင်းဝယ်ရေး အရာရှိများက ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ် ပထမရှစ်လအတွင်း တရုတ်နိုင်ငံ၏ သွင်းကုန်ပမာဏသည် လွန်ခဲ့သောနှစ် အလားတူကာလထက် ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၁၄ ဒသမ ၆၁ ထရီလီယံယွမ်(၂ ဒသမ ၁၈ ထရီလီယံ ဒေါ်လာ)အထိ ရှိခဲ့သဖြင့် ၂၀၂၂ ခုနှစ်နောက်ပိုင်း ဇန်နဝါရီလမှ ဩဂုတ်လအထိ အမြင့်မားဆုံး တိုးတက်မှုဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မူဝါဒဆိုင်ရာ အထောက်အပံ့များနှင့် ကုန်သွယ်ရေး မြှင့်တင်မှု လုပ်ဆောင်ချက်များမှတစ်ဆင့် သွင်းကုန်တိုးမြှင့်ရန် တရုတ်နိုင်ငံက အရှိန်အဟုန်မြှင့် ဆောင်ရွက်လာခြင်းကြောင့် ယခုကဲ့သို့ အားကောင်းသော တိုးတက်မှု ထွက်ပေါ်လာခြင်းဖြစ်ပြီး အဆိုပါ ကြိုးပမ်းမှုများသည် နိုင်ငံခြားလုပ်ငန်းများကို တရုတ်နိုင်ငံ၏ ကျယ်ပြန့်သော စားသုံးသူဈေးကွက်နှင့် စက်မှုလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များသို့ ပိုမိုဝင်ရောက်ခွင့် ရရှိစေသည်ဟု ထိုဝန်ကြီးဌာန၏ နိုင်ငံခြားကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ရန်ထောင်းက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



## ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍထုတ်လုပ်မှုအညွှန်းကိန်း ယမန်နှစ်ကထက် ၄ ဒသမ ၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ဆို

**ဘန်ကောက် စက်တင်ဘာ ၃၀**

ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍ ထုတ်လုပ်မှုအညွှန်းကိန်းသည် ယမန်နှစ် အလားတူကာလထက် ဩဂုတ်လတွင် ၄ ဒသမ ၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု စက်မှုဝန်ကြီးဌာနက စက်တင်ဘာ ၃၀ တွင် ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဩဂုတ်လ ထုတ်လုပ်မှုပမာဏသည် ရိုက်တာ သတင်းဌာန၏ စစ်တမ်းကောက်ယူမှုတွင် စီးပွားရေးပညာရှင်များအရ ခန့်မှန်းထားသည့် ၁ ဒသမ ၀ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားနေသည်ကို တွေ့ရသည်။

နိုင်ငံ၏ စီးပွားရေးစနစ်သစ်ကို အထောက်အကူပြုရန်အတွက် အီလက်ထရွန်နစ်ထုတ်ကုန်များ ပိုမိုထည့်သွင်းခြင်းနှင့် အလေးချိန်သတ်မှတ်ချက်များ ပြောင်းလဲခြင်းတို့ဖြင့် ဝန်ကြီးဌာန၏ ထိုအညွှန်းကိန်း တွက်ချက်မှုနည်းလမ်းကို ပြင်ဆင်မွမ်းမံထားသည်ဟု ထိုင်းစက်မှုစီးပွားရေးရုံးအကြီးအကဲ သုပကစ်ဘွန်စီရီက သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံ၏ အမျိုးသားနေ့ ရုံးပိတ်ရက် ခရီးသွားလာမှု မစတင်မီ စုစုပေါင်း အလျား ၁၁၄၂ ကီလိုမီတာ အမြန်ရထားလမ်း လေးခုဖွင့်လှစ်

**ပေကျင်း စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံသည် အမျိုးသားနေ့ ရုံးပိတ်ရက် ခရီးသွားလာမှု မစတင်မီ ကမ္ဘာ့အကြီးဆုံး ကျည်ဆန်ရထား ကွန်ရက်ကို တိုးချဲ့သည့်အနေဖြင့် စက်တင်ဘာလ ၂၈ ရက်နေ့တွင် စုစုပေါင်း အလျား ၁၁၄၂ ကီလိုမီတာရှိသော အမြန်ရထားလမ်းလေးခုကို ဖွင့်လှစ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရထားလမ်းများသည် နိုင်ငံ၏မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်း၊ အနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တည်ရှိပြီး တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ မှ ၃၅၀ အထိ အမြင့်ဆုံးအမြန်နှုန်းဖြင့် မောင်းနှင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်ဟု ဆိုသည်။

အရှည်လျားဆုံး ရထားလမ်းမှာ တရုတ်နိုင်ငံ မြောက်ပိုင်း ဟဲဘေးပြည်နယ်ရှိ ရှန်းအန်းဒေသသစ်နှင့် ဗဟိုပိုင်း ဟေးနန်ပြည်နယ်ရှိ ရှန်ချူမြို့တို့ကို ဆက်သွယ်ပေးသည့် ၅၅၂ ကီလိုမီတာ ရှည်လျားသော အပိုင်းဖြစ်ပြီး ထိုမြို့နှစ်ခုကြား အမြန်ဆုံးခရီးသွားချိန်ကို ၂ နာရီ ၂၇ မိနစ်အထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

**Mon**



## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၃၄ ရက်ဆက်တိုက် မိုးရွာပြီးနောက် စံချိန်တင် အရှည်ကြာဆုံး မိုးရွာသွန်းမှုအဖြစ် မှတ်တမ်းဝင်ခဲ့



**တိုကျို စက်တင်ဘာ ၃၀**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၃၄ ရက်ဆက်တိုက် မိုးရွာသွန်းခဲ့ပြီးနောက် စံချိန်တင် အရှည်ကြာဆုံး မိုးရွာသွန်းမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက စက်တင်ဘာလ ၂၉ ရက်တွင် အတည်ပြုကြေညာလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကျောက်မီးသွေးနှင့်ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာ ထုတ်လွှတ်မှုကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုသည် လေထုထဲတွင် အစိုဓာတ်ကို ပိုမိုများပြားစေပြီး မိုးသည်းထန်စွာ ရွာသွန်းနိုင်ခြေကို ပိုမိုမြင့်မားစေသည်။

ယခုနှစ်တွင် ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသော ရာသီဥတုသည် လေတိုက်ခတ်မှု၊ လေဖိအားနှင့် တိမ်တိုက်ပုံစံများကို ပြောင်းလဲစေသည့် အယ်လ်နီညိုဖြစ်စဉ်၏ ရိုက်ခတ်မှုကိုလည်း ခံနေရသဖြင့် အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး အချို့ဒေသများတွင် မိုးခေါင်ရေရှားမှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်၏ လေထုညစ်ညမ်းမှုကို ဖြေရှင်းရန် မြို့တွင်းဆောက်လုပ်ရေးလုပ်ငန်းများကို ခြောက်ပတ် ပိတ်ပင်မည်

**နယူးဒေလီ စက်တင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်၏ လေထုညစ်ညမ်းမှုကို ဖြေရှင်းရန်အတွက် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်လိုက်သည့် အရေးယူဆောင်ရွက်မှုများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြို့တွင်း ဆောက်လုပ်ရေးလုပ်ငန်းများကို ခြောက်ပတ်ကြာ ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။

လူဦးရေ သန်း ၃၀ နေထိုင်သည့် ကျယ်ဝန်းသော မဟာမြို့တော် ဒေလီသည် ဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်မှုများ၊ ယာဉ်ကြောပိတ်ဆို့မှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးသီးထွက်ပစ္စည်းများ မီးရှို့မှုတို့ပေါင်းစပ်မှုကြောင့် ကမ္ဘာပေါ်တွင် လေထုအညစ်ညမ်းဆုံး မြို့တော်များအဖြစ် ပုံမှန်သတ်မှတ်ခြင်း ခံရသည်။

အဆိုပါ ဆောက်လုပ်ရေး ပိတ်ပင်မှုသည် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့အထိ ကြာမြင့်မည်ဖြစ်ပြီး မိဘပြည်သူများ ပြည်သူ့ဆက်ဆံရေး သယ်ယူပို့ဆောင်ရေးယာဉ်များကို အသုံးပြုကြရန် တိုက်တွန်းသည့် အဝေးပြေးယာဉ်ကြော ကန့်သတ်ချက်များ ပါဝင်သော ဆောင်းရာသီ လုပ်ဆောင်ချက်အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**Mon**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်းနှင့် ဆိုင်ကယ်ဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်

**သီပေါ စက်တင်ဘာ ၃၀**

ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေးတို့အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါ



မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ ဒုရဲအုပ် ကျော်ဇင်မိုး ဦးစီးသော ပူးပေါင်းအဖွဲ့တို့သည် သီပေါမြို့၊ တောင်မြို့ရပ်ကွက်လမ်းဆုံ မီးပွိုင့်အနီးတွင် ပြည်ထောင်စုလမ်းမကြီးပေါ်၌ မောင်းနှင်သွားလာလျက်ရှိသော ဆိုင်ကယ်နှင့် သုံးဘီးယာဉ် မောင်းနှင်သူများအား အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ပြီး ဆိုင်ကယ်ဦးထုပ်များ အခမဲ့ ဖြန့်ဝေခြင်းတို့ကို ယနေ့ နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ သီပေါမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ ဒုရဲအုပ်က ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ် ဆောင်းရန်၊ ဆိုင်ကယ်အား နှစ်ဦးထက် ပို၍စီးနင်းခြင်းမပြုရန်၊ မေးသိုင်းကြိုးတပ်ဆင်ရန်၊ ဆိုင်ကယ်နံပါတ်ပြားများ တပ်ဆင်ထားရန်၊ နောက်ကြည့်မှန်များ တပ်ဆင်မောင်းနှင်ကြရန်၊ အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်များ ဝယ်ယူအသုံးပြုရန် စသည်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး အသိပညာပေး ပြောကြားခဲ့ပြီး ဆိုင်ကယ်ဦးထုပ် အလုံး ၁၂၀ အား အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့လေ့ကျင့်လျက်ရှိ

**သရက် စက်တက်ဘာ ၃၀**

ခရိုင်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ သရက်ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအား သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့လေ့ကျင့်လျက်ရှိသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအား ခရိုင်ဦးစီးမှူး ဦးမောင်မောင်ထွေးက ကြီးကြပ်၍ သရက်ခရိုင်နှင့် မြို့နယ်များမှ စနစ်တကျ ဖွဲ့စည်းထားသော တပ်ဖွဲ့ဝင်များအား ရေဘေး၊ လေဘေး၊ မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လျင်မြန်စွာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိခြင်းဖြစ်ပြီး ယခုရက်ပိုင်း မုန်တိုင်းသတိပေးချက်များ ရရှိသည့်အချိန်မှ စတင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

**ပလတ်စတစ်**

**ညစ်ညမ်းမှုကို**

**တိုက်ဖျက်ကြစို့။**



## ချမ်းအေးသာစံမြို့နယ်တွင် နေအိမ်ပေါ်သို့ သစ်ပင်လဲကျ

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်း၊ ချမ်းအေးသာစံမြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်တွင် စက်တင်ဘာ ၂၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က နေအိမ် တစ်လုံးပေါ်သို့ သစ်ပင်လဲကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပရဟိတအသင်းများက သွားရောက်ကာ လဲကျနေသော သစ်ပင်နှင့် သစ်ကိုင်းများအား ရှင်းလင်းပေးခဲ့ကြသည်။

အဆိုပါ ရှင်းလင်းရေး လုပ်ငန်းများကို ည ၉ နာရီခန့်အထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ကျော်ဇေယျ(မန္တလေးနေ့စဉ်)

## လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ဖမ်းဆီးအရေးယူ

**မော်လမြိုင် စက်တင်ဘာ ၃၀**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီ ၅ မိနစ်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဈေးကြိုရပ်ကွက်၊ မုဒုံ-မော်လမြိုင်သွားကားလမ်း Regency စက်သုံးဆီဆိုင်ရှေ့၌ မုပွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မုဒုံမြို့မှ မော်လမြိုင်မြို့ဘက်သို့ မော်လမြိုင်မြို့နယ်၊ မောင်ငံရပ်ကွက်နေ ကိုဝေယံဖြိုး(ခ)ဝေယံ ၂၇ နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA INSIGHT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဝေယံဖြိုး(ခ)ဝေယံဆိုသူအား မုပွန်နယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မိုးရွာသွန်းပြီးလေတိုက်ခတ်မှုကြောင့်နေအိမ်များ သွပ်မိုးလန်ပျက်စီးကာ သစ်ပင်များပြိုလဲမှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အိုးမတွေ့ကျေးရွာနှင့် ကျောင်းကုန်းကျေးရွာကြား၊ ပင်းတလဲ-မိတ္ထီလာသွားကားလမ်းနှင့် သဖန်းကျေးရွာတို့တွင် မိုးရွာသွန်းပြီးလေတိုက်ခတ်မှုများကြောင့် နေအိမ်များ သွပ်မိုးလန်ပျက်စီးကာ သစ်ပင်ကြီးများ ပြိုလဲကျမှု စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ဖြစ်ပွားခဲ့သည်။

မိုးရွာသွန်းပြီး လေတိုက်ခတ်မှုကြောင့် သဖန်းကျေးရွာတွင် လူနေအိမ်တစ်လုံး၊ အိုးမတွေ့ရွာတွင် လူနေအိမ်(၁၀)လုံး သွပ်မိုးလန်ကာ ပျက်စီးကာ အထက်တန်းအုတ်တံတိုင်း အခန်းခြောက်ခန်းပေါ်သို့ သစ်ပင်ပြိုလဲကာ ပိမိခဲ့ပြီး ပင်းတလဲ-မိတ္ထီလာသွားကားလမ်းတွင် သစ်ပင်ကြီးများ၏ သစ်ကိုင်းများ ကျိုးကျကာ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သဖြင့် ဝမ်းတွင်းမြို့နယ် မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက တာဝန်ရှိသူများသည် ကူညီရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ဝဲပုံ)

(ဝ၅၇)



## မီးအားမြှင့်စက် အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**ပျော်ဘွယ် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်ကွက်ရှိ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှု ဦးစီးဌာန(ယာယီ)ရုံးတွင် တပ်ဆင်ထားသော 5KVA မီးအားမြှင့်စက် အပူလွန်ကဲပြီး မီးလောင်မှု စက်တင်ဘာ ၂၈ ရက် ည ၉ နာရီခွဲက ဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ရာသို့ ရမည်းသင်းခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးဦးဆောင်၍ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ချမ်းနှင့်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ်လေးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီတွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့်(၇၂×၃၀)ပေ၊ နံကပ်တစ်ထပ်အဆောက်အအုံမျက်နှာကြက်များ၊ ကျွန်းစားပွဲလေးလုံး၊ ကျွန်းဗီရိုတစ်လုံး၊ ကွန်ပျူတာတစ်လုံး၊ ပရင်တာတစ်လုံး၊ Fax ဖုန်းတစ်လုံး၊ ပလတ်စတစ်ထိုင်ခုံများနှင့် ကယ်ဆယ်ရေးသုံးပစ္စည်းမျိုးစုံတို့ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ရုံးစောင့်အား ပျော်ဘွယ်မြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

(အောက်ပုံ)(မိုးသီး)



# ချောက်မြို့၌ အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**ချောက် စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ချောက်ခရိုင် စုပေါင်းရုံးခန်းမ၌ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခမ်းအနားမှူးသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းနည်းပြအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က အခမ်းအနားမှူး တစ်ဦးတွင် ရှိရမည့် အဓိက အရည်အချင်းများဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာအချက်များ၊ ဝတ်စားဆင်ယင်မှု၊ ကြိုတင်ပြင်ဆင်မှု၊ (သ)သုံးလုံးကျေရန်အချက်၊ အခမ်းအနားမှူးများ ဆောင်ရန်၊ ရှောင်ရန်များ၊ အသံပိုင်းဆိုင်ရာနှင့် မိုက်အသုံးပြုမှုများ၊ အထွေထွေအပိုင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့သည်။



အဆိုပါ သင်တန်းသို့ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စုစုပေါင်း သင်တန်းသူ ၂၃ ဦး တက်ရောက်၍ လက်တွေ့ အခမ်းအနားမှူးအဖြစ် အကောင်းဆုံးပြောဆိုနိုင်သည့် သင်တန်းသူ သုံးဦးကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီးနောက် သင်တန်းနည်းပြအား အမှတ်တရ လက်ဆောင်များ ပေးအပ်၍ သင်တန်းကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

**ကျော်မိုး(ပြန်/ဆက်)**



# ကျောင်းမုန့်ဈေးတန်းများတွင် သတ်မှတ်စားသောက်ကုန်များ ရောင်းချမှုရှိစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် အ·ထ·က(စဉ့်ကိုင်)၌ ကျောင်းကျန်းမာရေး စောင့်ရှောက်မှု၊ ဆောင်ရွက်နေမှုနှင့် ကျောင်းမုန့်ဈေးတန်းများတွင် သတ်မှတ်စားသောက်ကုန်များ ရောင်းချမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးလွင်နှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ ကျောင်းကျန်းမာရေး ဝန်ဆောင်မှုပေးနေသည့် အခြေအနေများအား လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချလျက်ရှိသည့် အစားအစာများအား ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး၊ ဆိုးဆေးများပါဝင်ခြင်းမရှိစေရေး၊ တရားမဝင် မူးယစ်ဆေးဝါးများ ရောင်းချခြင်းမရှိစေရေးအတွက် စစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ကျော်စွာ(စဉ့်ကိုင်)**

# ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာရေးစပ်ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၃၀**

မိတ္ထီလာမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာရေးစပ်ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ကျောင်းသား၊ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်ကဗျာရေးစပ်ပြိုင်ပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းမှ ရွှေညာမြေ မြသင်းကြိုင်က အမှတ်ပေးစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အထက်တန်းအဆင့် ကဗျာရေးစပ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြင့်မိုရ်နှင့် ယှဉ်နေလသွင် ဂုဏ်အင်ကြီးစွာ မြတ်ဆရာခေါင်းစဉ်ဖြင့် မိတ္ထီလာ၊ မလှိုင်မြို့နယ်များရှိ အခြေခံပညာ အထက်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အောက်ဓာတ်ပုံ) (၄၆၉)**



## ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၃၀**

၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်မှ ၂၀ ရက်အထိ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအဆင့်မြင့် မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲ အုပ်စု(က)တွင် တံတားဦးခရိုင်အသင်းနှင့် ရမည်းသင်းခရိုင်အသင်း၊ အုပ်စု(ခ)တွင် ညောင်ဦးခရိုင်အသင်း၊ မိတ္ထီလာခရိုင်အသင်းနှင့် သပိတ်ကျင်းခရိုင်အသင်း၊ အုပ်စု(ဂ)တွင် မဟာအောင်မြေခရိုင်အသင်း၊ အောင်မြေသာစံခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်း၊ အုပ်စု(ဃ)တွင် ကျောက်ဆည်ခရိုင်အသင်း၊ ပြင်ဦးလွင်ခရိုင်အသင်းနှင့် မြင်းခြံခရိုင်အသင်းတို့ အသီးသီး ပါဝင်ကြပြီး အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် အောင်မြေသာစံခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်း၊ မိတ္ထီလာခရိုင်အသင်းနှင့် သပိတ်ကျင်းခရိုင်အသင်း၊ တံတားဦးခရိုင်အသင်းနှင့် ရမည်းသင်းခရိုင်အသင်း၊ ပြင်ဦးလွင်ခရိုင်အသင်းနှင့် မြင်းခြံခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံသတိပေးနှိုးဆော်

**ညောင်ဦး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနက လက်ရှိ ဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ်အန္တရာယ်နှင့် ပတ်သက်၍ အများပြည်သူ ကြိုတင်သတိပြုကာကွယ်နိုင်ရန် ရည်ရွယ်၍ စက်တင်ဘာ ၂၉ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများအား အသံချဲ့စက်ယာဉ်ဖြင့် လိုက်လံသတိပေးနှိုးဆော်ခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လက်ရှိဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ်အန္တရာယ်နှင့် စပ်လျဉ်း၍ ကြုံတွေ့လာနိုင်သည့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သတိပြုလိုက်နာနိုင်ရေးအတွက် အများပြည်သူ သိရှိစေရန် အသံချဲ့စက်ယာဉ်ဖြင့် လိုက်လံ အသိပေး၊ သတိပေးနှိုးဆော်ခြင်း၊ လူစည်ကားရာနေရာများသို့ သွားရောက်၍ ပညာပေးလက်ကမ်းစာစောင်များအား ပြည်သူများထံ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (၄၄၅)**



# မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ (၁၂)ကြိမ်မြောက် ထုတ်ချေး

**ဖားကန့် စက်တင်ဘာ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုံးခင်းအုပ်စု၊ လယ်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ (၁၂)ကြိမ်မြောက်



ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆိုင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်စီမံကိန်းတာဝန်ခံတို့က လယ်ပြင်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၀၅ သိန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်ပြင်ကျေးရွာမှ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ အသင်းသား လေးဦး၊ စုစုပေါင်း အသင်းသူ၊ အသင်းသား ၇၂ ဦးအတွက် ငွေကျပ် ၆၀၅ သိန်းအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ) **ချစ်ဦးကို**




## ပက်ထရစ်ကို အယ်လ်အစ်တီဖက်အသင်း ခေါ်ယူ



**ရိယာဒ် စက်တင်ဘာ ၃၀**

ယူအေအီးကလပ် အယ်လ်အစ်တီဖက်အသင်းသည် လာဇီယိုအသင်းနှင့် လမ်းခွဲခဲ့သည့် နောက်ခံကစားသမား ပက်ထရစ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အယ်လ်အစ်တီဖက်အသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ပက်ထရစ်သည် လာဇီယိုအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၄ ပွဲကစားပြီး ခြောက်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် အယ်လ်အစ်တီဖက်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

အသက်(၃၃)နှစ် အရွယ်ရှိ ပက်ထရစ်အနေဖြင့် အယ်လ်အစ်တီဖက်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## 2026 Suzhou Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၅ ရက်တွင် စတင်မည်



**ပေကျင်း စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Suzhou Open တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၅ ရက်တွင် စတင်သွားမည် ဖြစ်သည်။ **(ဓါတ်ပုံ)**

အဆိုပါ 2026 Suzhou Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Suzhou Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Suzhou Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic ဖြစ်သည်။ **(NGB)**

## ခရစ်ရှန်ဝေါလ်တန် အစ်ဆွစ်ချ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် စက်တင်ဘာ ၃၀**

အစ်ဆွစ်ချ်အသင်းသည် ဂိုးသမား ခရစ်ရှန်ဝေါလ်တန်ကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဂိုးသမားသည် အစ်ဆွစ်ချ်အသင်း



နှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၅ ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အစ်ဆွစ်ချ်အသင်း၏ ထုတ်ပြန်ချက်တွင် "ခရစ်ရှန်ဝေါလ်တန်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ အသင်းအနေနဲ့လည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် ကစားသမားတွေကို စာချုပ်သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ထုတ်ပြန်သည်။

**(ဓါတ်ပုံ) (NGB)**



## အင်္ဂလန်အသင်းက ခရိုအေးရှားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၃၀**

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်္ဂလန်အသင်းနှင့် ချက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ချက်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် ဂေါ်ဒွန်၊ ပွဲချိန် ၆၉ မိနစ်တွင် ဟယ်ရီကိန်းတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အင်္ဂလန်အသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ် ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၃ ရက်တွင် ခရိုအေးရှားအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ရိုဒရီဂို ဒဏ်ရာမှ ပြန်လည်သက်သာလာသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ



**မက်ဒရစ် စက်တင်ဘာ ၃၀**

ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ရိုဒရီဂိုသည် ACL ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် ဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်း ဆင်းနိုင်ခဲ့ပြီဖြစ်သည်။

တောင်ပံကစားသမား ရိုဒရီဂိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၇ ပွဲကစားကာ ၇၀ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ရိုဒရီဂိုက "ကျွန်တော် ဒဏ်ရာမှ သက်သာလာပါပြီ။ မကြာမီအချိန်အတွင်းမှာ အသင်းနဲ့အတူ ပွဲထွက်ကစားနိုင်တော့မှာပါ" ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## နည်းပြ အယ်လ်ဘာတိုဂီလာဒီနိုကို နည်းပြသစ်အဖြစ် ပါးမားအသင်းခန့်အပ်

**တူရင် စက်တင်ဘာ ၃၀**

အီတလီစီးရီးအေကလပ် ပါးမားအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အယ်လ်ဘာတိုဂီလာဒီနိုကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဂျီနိုအာ၊ ပီဆာစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ပါးမားအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၄၄)နှစ်အရွယ်ရှိ နည်းပြ အယ်လ်ဘာတိုဂီလာဒီနိုက "ကျွန်တော် အခုလို ပါးမားအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း ရလဒ်ကောင်းတွေ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(ဓါတ်ပုံ) (NGB)**



## ဂျော်ဒန်ပစ်ဖို့ဒ်ကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းစီစဉ်



**မြူးနစ် စက်တင်ဘာ ၃၀**

ဘိုင်ယန်မြူးနစ်အသင်းသည် အဲဗာတန်အသင်း ဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဂိုးသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၅ ပွဲကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အဲဗာတန်အသင်းကလည်း ဂျော်ဒန်ပစ်ဖို့ဒ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အဲဗာတန်အသင်းမှ ဂျော်ဒန်ပစ်ဖို့ဒ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ယာပုံ)**

**(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* မန်စီးတီးအသင်းသည် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း ၁၁၅ခုအား ချိုးဖောက်ထားသည်ကို တွေ့ရှိရကြောင်း ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

* အင်တာမီလန်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား ခရစ် ရစ်ချက်စ်ကို လာမည့် ဆောင်းရာသီဈေးကွက်တွင် ခေါ်ယူရန် ကမ်းလှမ်းသွားမည်ဖြစ်သည်။

**(NGB)**

### ယူအီးအက်ဖ်အေနေးရှင်းလိဂ်(အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၁-၁၀-၂၀၂၆ ည ၁၀:၃၀ နာရီ | အဇာဘိုင်ဂျန် - လက်ချင်စတိန်း |
| ၂-၁၀-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | ဂရိ - နယ်သာလန် |
| ။ | ဂျာမနီ - ဆားဘီးယား |
| ။ | ဒိန်းမတ် - ပေါ်တူဂီ |
| ။ | ဝေးလ် - နော်ဝေ |
| ။ | အစ္စရေး - ကိုဆိုဗို |
| ။ | အိုင်ယာလန် - ဩစတြီးယား |
| ။ | မော်လ်တာ - ဂျီဘရော်လ်တာ |

### ဗီဖာအာရှဖလား(အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၁-၁၀-၂၀၂၆ ည ၇:၀၀ နာရီ | အင်ဒိုနီးရှား - ဘင်္ဂလားဒေ့ရှ် |
| ။ | မလေးရှား - စင်ကာပူ |

### နိုင်ငံတကာ(ခြေစစ်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၁-၁၀-၂၀၂၆ ညနေ ၆:၃၀ နာရီ | မော်လ်ဒိုက် - လက်ဘနွန် |
| ၁-၁၀-၂၀၂၆ ည ၈:၃၀ နာရီ | ဥဇဘက်ကစ္စတန် - ဆီးရီးယား |



## စစ်ကိုင်းစက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် စက်မှုဇုန်လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းနှင့် စစ်ကိုင်းစက်မှုဇုန်လုပ်ငန်းရှင်များ တွေ့ဆုံပွဲကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက စစ်ကိုင်းစက်မှုဇုန်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ စစ်ကိုင်းစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်က စစ်ကိုင်းစက်မှုဇုန်လုပ်ငန်းများ စီမံခန့်ခွဲထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ (ဝဲပုံ)

ထို့နောက် တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များက စက်မှုဇုန်လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး တင်ပြကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

## အမှတ်(၃၀)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ လူငယ်များဗဟုသုတနှင့်ပြည့်စုံပြီး အသိပညာဗဟုသုတများတိုးပွားစေရန်၊ လူငယ်များအချင်းချင်း အသိပညာအတတ်ပညာများ ဖလှယ်နိုင်စေရန်၊ နှုတ်မှုစွမ်းရည် တိုးတက်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စဉ်းစားတွေးခေါ်မှုဉာဏ်ရည်များ ရင့်သန်လာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၃၀)အခြေခံပညာ အထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးပြီး Grade-9 ကျောင်းသားမောင်သက်ပိုင်ဦးက လူငယ်နှင့်စာပေ၊ Grade- 9 ကျောင်းသားမောင်ခန့်မင်းစံက လူ့အခွင့်အရေး၊ Grade-9 ကျောင်းသားမောင်သူရိန်စန်းထွန်းက ငြိမ်းချမ်းရေး၊ Grade - 10 ကျောင်းသူ မအိမ့်ခြွေမိုးမြင့်က လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ Grade-10 ကျောင်းသူ မလင်းလက်ရွှေရည်ဖြိုးက အမျိုးသား၊ အမျိုးသမီးတန်း တူညီမျှရေးနှင့် Grade- 10 ကျောင်းသူ မလင်းလက်ခင်က လူငယ်နှင့်နိုင်ငံတကာဆက်ဆံရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကျောင်း သား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၆၉)**



## ရေနံချောင်း - ထိန်ချောင်း - ညောင်ပင်သာ - ဘုရားကုန်းလမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရေနံချောင်း စက်တင်ဘာ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရေနံချောင်း-ထိန်ချောင်း- ညောင်ပင်သာ-ဘုရားကုန်းလမ်း မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။ (ယာပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ (QC) တာဝန်ခံ ဦးခိုင်မင်းစိုးနှင့်အဖွဲ့၊ ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာ(မြို့ပြ) ဒေါ်သီရိဖြိုးဝေဝင့်နှင့် တာဝန်ရှိသူများက ရေနံချောင်း-ထိန်ချောင်း-ညောင်ပင်သာ-ဘုရားကုန်းလမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး (QC) တာဝန်ခံ ဦးခိုင်မင်းစိုးက လုပ်ငန်းများ သတ်မှတ်အရည်အသွေး ပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။



အဆိုပါ ရေနံချောင်း-ထိန်ချောင်း- ညောင်ပင်သာ-ဘုရားကုန်းလမ်း အရှည်နှစ်မိုင်၊ အကျယ် ၁၈ပေအား မြေသားတာပေါင်တင်ခြင်းနှင့် ထု ရှစ်လက်မ မြေနီခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၇၆ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပါက ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**နေဘ်လူး**

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ပုသိမ်ကြီး စက်တင်ဘာ ၃၀**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့် ဦးဆောင်မှုဖြင့် ယခုဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေများ၊ ရေကြီးမှုအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ် ရေးအသိပေးနှိုးဆော်ခြင်းကို စက်တင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲက ပြည်သူများ ကြိုတင်သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်၍ အသိပေးနှိုးဆော်ခဲ့ကြသည်။

ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးနှင့် ဘေးအန္တရာယ်ကျရောက်ချိန်တွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို သိရှိနိုင်စေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင် ကာကွယ်နိုင်ရေး၊ အရေးပေါ်အခြေအနေတွင် သက်ဆိုင်ရာဌာနများ၏ အသိပေးညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရေးနှင့် မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်ဆုံးရှုံးမှု နည်းပါးစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိရန် အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**ရွှေရန်ကင်း**

## သဘာဝဘေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့် ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။



ရှေးဦးစွာ အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုးက သဘာဝဘေးနှင့် စပ်လျဉ်း၍ လုပ်ငန်းစီမံချက်များကိုကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ သဘာဝဘေးနှင့် စပ်လျဉ်း၍ ပြန်လည်တုံ့ပြန်ရေးလုပ်ငန်းစဉ်များဖြစ်သည့် ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ကျော်စွာ(စဉ့်ကိုင်)**

## ကျွန်းသစ်အစား ပြည်ပသွင်းထင်းရှူးပေါင်းသား ပရိဘောဂများ အရောင်းသွက်လာ

**မန္တလေး စက်တင်ဘာ ၃၀**

ပြည်တွင်း ပရိဘောဂဈေး ကွက်၌ အဖိုးတန် ကျွန်းသစ်နှင့် သစ်မာများနေရာတွင် ပြည်ပမှ တင်သွင်းသည့် ထင်းရှူးပေါင်း သားများကို အစားထိုးအသုံးပြု လာကြရာ ခုတင်၊ စားပွဲ၊ စားရေးခုံ နှင့် မှန်တင်ခုံ စသည့် အိမ်သုံး ပရိဘောဂများအပြင် စားသောက် ဆိုင်သုံး စားပွဲနှင့် ထိုင်ခုံများ အရောင်းသွက်လျက်ရှိသည်။

အဆိုပါထင်းရှူးပေါင်းသား များကို အစားထိုးကုန်ကြမ်းအဖြစ် သုံးစွဲလာခြင်းကြောင့် ပြည်တွင်းရှိ ကျွန်း၊ တမလန်းနှင့် ပိတောက် စသည့် အဖိုးတန်သစ်မာများ သုံးစွဲမှုကိုလျှော့ချနိုင်မည်ဖြစ်ရာ သစ်တောသယံဇာတများ ရေရှည် ထိန်းသိမ်းရေးအတွက်ပါအထောက် အကူပြုလာနိုင်မည်ဖြစ်သည်။



'စားသောက်ဆိုင်အတွက် စားပွဲနဲ့ ထိုင်ခုံတွေ လိုအပ်တာ ကြောင့် ထင်းရှူးပေါင်းသားနဲ့ ပြု လုပ်ထားတဲ့ ပရိဘောဂတွေကို ဝယ်ယူအသုံးပြု ဖြစ်ပါတယ်။ အသုံးပြုရတာ အဆင်ပြေသလို အဖိုးတန်သစ်မာတွေကို အစားထိုး အသုံးပြုနိုင်တာကြောင့် သစ်တော ထိန်းသိမ်းရေးအတွက်လည်း အထောက်အကူဖြစ်မယ်လို့ ယူဆ ပါတယ်'ဟု မန္တလေးမြို့ စား သောက်ဆိုင်လုပ်ငန်းရှင် တစ်ဦး က ပြောသည်။

သစ်တောများမှ သစ်ထုတ် ယူမှု လျော့နည်းသွားပါက သစ် တောပြုန်းတီးမှုကို ကာကွယ်နိုင် မည်ဖြစ်ရာ ပရိဘောဂလုပ်ငန်းရှင် များအနေဖြင့် သင့်လျော်သည့် အစားထိုးကုန်ကြမ်းများ တိုးမြှင့် အသုံးပြုကာ သစ်တောသယံဇာတ များကို စနစ်တကျ ထိန်းသိမ်း အသုံးချခြင်းဖြင့် လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးနှင့် သစ်တောထိန်း သိမ်းရေးတို့အတွက် အထောက် အကူဖြစ်စေမည်ဖြစ်ကြောင်း သိရ သည်။

(ခဝံ)

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**



## မြို့နယ်စာရေးဆရာအသင်းများသို့ ဓမ္မရသအတွေးအမြင် စာအုပ်များလှူဒါန်း

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လှထွေတိုက် ဘာဝနာဂုဏ် ရည် တောဇလင်းဓမ္မရိပ်သာ၌ မဟာအောင်မြေမြို့နယ် စာရေးဆရာ အသင်းဝင်၊ စာရေးဆရာမြင့်ဟန်(ပင်ကုက္ကို)၏ ၇၁ နှစ်ပြည့်မွေး နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်ပွဲနှင့် မြို့နယ်စာရေးဆရာအသင်း များသို့ ကိုယ်တိုင်ရေးဓမ္မရသအတွေးအမြင် စာအုပ်အပါအဝင် သုတ၊ ရသ စာအုပ်များ လှူဒါန်းပွဲကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ နံနက် ၇ နာရီတွင် မွေးနေ့ရှင် စာရေးဆရာမြင့်ဟန် (ပင်ကုက္ကို)နှင့် ဇနီးပရိသတ်တို့က ရဟန်းစာဆို တက္ကသိုလ်တောဇ လင်းထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာ တော်များရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညို ကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်း မှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား အရက်ဆွမ်းဆက်ကပ်ကြသည်။

ထို့နောက် နံနက် ၉ နာရီတွင် ကိုယ်တိုင်ရေးဓမ္မအတွေးအမြင် စာအုပ်အပါအဝင် သုတ၊ ရသ စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ အခမ်းအနားမှူးအဖြစ် စာရေးဆရာဝေမင်းသန့်(မန်ကျည်းဗုမ်)က ဆောင်ရွက်ပြီး ရဟန်းစာဆိုစာရေးဆရာ တက္ကသိုလ်တောဇလင်းက အဖွင့်အမှာစကားမိန့်ကြားကာ အမျိုးသားစာပေဆုရ မဟာအောင် မြေမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာမ ယဉ်ယဉ်နု (မန္တလေး)က မုဒိတာစကားပြောကြား၍ စာရေးဆရာမြင့်ဟန် (ပင်ကုက္ကို)က ကိုယ်တိုင်ရေးဓမ္မအတွေး စာအုပ်လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဝင် မွေးနေ့ရှင် စာရေးဆရာမြင့်ဟန်(ပင်ကုက္ကို)က ၇၁ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ကိုယ်တိုင်ရေး လွမ်းမျိုးတစ်ရာနှစ်ရာစာအုပ်၊ ကံစေညွှန်းရာမှ ဉာဏ်လေ့ယှဉ်ရာသို့ ဓမ္မအတွေးအမြင်စာအုပ်အပါ အဝင် သုတ၊ ရသ စာအုပ်များကို အမရပူရမြို့နယ်၊ ပုသိမ်ကြီး မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာ အောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းများသို့ တစ်မြို့နယ်လျှင် စာအုပ် ၁၀ အုပ်စီ ပေး အပ်လှူဒါန်းရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌများနှင့် အလုပ် အမှုဆောင်အဖွဲ့တို့က လက်ခံရယူကြသည်။ ထို့နောက် မွေးနေ့ရှင် စာရေးဆရာက မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းသို့ အလှူငွေကျပ် ငါးသောင်းကိုပေးအပ်လှူဒါန်းရာ စာရေးဆရာမ ယဉ်ယဉ်နု(မန္တလေး)က လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ဝ၅၃)**

## မန္တလေးတိုင်းဒေသကြီးအတွင်း ဩဇာသီးများ ဈေးကောင်းရရှိပြီး အရောင်းသွက်လျက်ရှိ

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အတွင်း ဩဇာသီးများ ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှစတင်၍ ဈေးကွက်အတွင်း ဝင်ရောက်လာ ပြီး စက်တင်ဘာလ ပထမပတ် တွင် အသီးထွက်ရှိမှု များပြား လာသော်လည်း ဩဇာသီးအကြီး တစ်လုံးလျှင် ငွေကျပ် ၁၅၀၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၁၂၀၀ နှင့် အသေးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချ ရကာ အရောင်းသွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာများတွင် ဩဇာ ပင်ကို မိသားစုစားသုံးရန်နှင့် ပိုလျှံသည့်အသီးများကို ရောင်းချ ရန်အတွက် တစ်နိုင်တစ်ပိုင် စိုက် ပျိုးကြပြီး အများအားဖြင့် ဒေသ မျိုးများကိုသာ စိုက်ပျိုးကြသည်။

ဩဇာသီးများသည် ၂၀၂၆ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်၍ ဈေးကွက်အတွင်း ဝင် ရောက်လာခဲ့ပြီး ပေါ်ဦးပေါ်ဖျား ကာလတွင် ဩဇာသီးအကြီး တစ်လုံးလျှင် ငွေကျပ် ၁၅၀၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၁၂၀၀ နှင့် အသေးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဈေး ကောင်းရရှိခဲ့သည်။ **(ခဝံ)**

တစ်နှစ်လျှင် တစ်ကြိမ်သာ ထွက်ရှိသည့် သီးနှံဖြစ်သည့် အတွက် စားသုံးသူများက ကြိုက် နှစ်သက်စွာ ဝယ်ယူစားသုံးကြ သည့်အပြင် လက်ဆောင်ပေးရန် အတွက်လည်း ဝယ်ယူမှုများရှိ သဖြင့် အရောင်းသွက်လျက်ရှိ ကြောင်း ဩဇာသီးရောင်းချသူများ ထံမှ သိရသည်။



ထို့ပြင် မန္တလေးတိုင်းဒေသ ကြီးအတွင်း ထွက်ရှိသည့် ဩဇာ သီးများကို ဒေသတွင်းဈေးကွက် များ၌ ရောင်းချလျက်ရှိသည့် အပြင် အခြားမြို့နယ်များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ဩဇာသီးရောင်းချသူများထံမှ သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အသိအမှတ်ပြု အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ AML/CFT စိစစ်ရေးမေးခွန်းလွှာ ဖြေဆိုရမည်

**မန္တလေး စက်တင်ဘာ ၃၀**

အမရပူရမြို့နယ်ရှိ အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေ အုပ်)က အသိအမှတ်ပြုမှတ်ပုံတင် ထုတ်ပေးထားသည့် အိမ်ခြံမြေ လုပ်ငန်းအကျိုးဆောင်များအနေ ဖြင့် AML/CFT ဆိုင်ရာ စိစစ် ရေးမေးခွန်းလွှာများကို သုံးလ (သို့မဟုတ်)ခြောက်လအတွင်း ဖြေဆိုရမည်ဖြစ်ကြောင်း မြန်မာ နိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအသင်း(MRPDA) အမရပူရမြို့နယ်ရုံးခွဲဥက္ကဋ္ဌ ဦးမင်း ဆွေထံမှ သိရသည်။

အဆိုပါစိစစ်ရေးမေးခွန်းလွှာ များကို အသင်းဝင်တိုင်း ဖြေဆိုရန် မလိုအပ်ဘဲ ထွေ/အုပ်က အသိ အမှတ်ပြုမှတ်ပုံတင်ထုတ်ပေးထား သူများသာ ဖြေဆိုရမည်ဖြစ်ပြီး အမရပူရမြို့နယ်တွင် ယင်းမှတ်ပုံ တင်ရရှိထားသူ ၁၁၀ ကျော်ရှိ သည်။

စိစစ်ရေးမေးခွန်းလွှာတွင် တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အိမ်ခြံမြေရောင်းဝယ်၊ ငှားရမ်းမှု လုပ်ငန်းအရေအတွက်၊ ဗဟိုဘဏ် ၏ သက်ဆိုင်ရာညွှန်ကြားချက် များနှင့်အညီ ငွေကြေးပိုင်းဆိုင်ရာ လိုက်နာဆောင်ရွက်မှုများနှင့် အသိ အမှတ်ပြုမှတ်ပုံတင်ရရှိထားသူ များ လိုက်နာရမည့် စည်းကမ်း ချက်များကို ထည့်သွင်းမေးမြန်း ထားသည်။

(MRPDA) အနေဖြင့် သက် ဆိုင်ရာညွှန်ကြားချက်များနှင့်အညီ အမှတ်စဉ်အလိုက် စိစစ်ရေးမေးခွန်း လွှာများ ဖြေဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းစိစစ်မှုမှတစ်ဆင့် အကျိုး ဆောင်များအနေဖြင့် မိမိတို့ဆောင် ရွက်ထားသည့် အိမ်ခြံမြေလုပ်ငန်း အရေအတွက်များကို စနစ်တကျ စာရင်းပြုစုနိုင်မည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာ စည်းကမ်းချက်များ ကိုလည်း ပိုမိုသိရှိလိုက်နာနိုင်မည် ဖြစ်သည်။

ထို့ပြင် လုပ်ငန်းလုပ်ကိုင် ခြင်းမရှိသည့် အသိအမှတ်ပြု မှတ်ပုံတင်ရရှိထားသူများကို လည်း စာရင်းပြုစုသွားမည်ဖြစ်ပြီး အလှည့်ကျစနစ်ဖြင့် စိစစ်ရေး မေးခွန်းလွှာများ ဖြေဆိုစေခြင်း ကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်သည်။

လက်ရှိတွင် (MRPDA) အမရပူရမြို့နယ်ရုံးခွဲ၌ အသင်းဝင် ၂၀၀ ကျော်နှင့် ထွေ/အုပ်အသိ အမှတ်ပြုမှတ်ပုံတင်ရရှိထားသူ ၁၁၀ ကျော်ရှိသည်။

သက်ဆိုင်ရာမြို့နယ် အသင်း ရုံးများတွင် လျှောက်ထားနိုင် ကြောင်း၊ အသိအမှတ်ပြု မှတ်ပုံ တင်ရရှိရေးအတွက် အသင်းက ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်နိုင်ရန်အတွက် စီစဉ် ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**(မန္တလေးနေ့စဉ်-၈)**

## မန္တလေးဈေးကွက်အတွင်းသို့ နယ်ပယ်ပေါင်းစုံမှ နာနတ်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိ

**မန္တလေး စက်တင်ဘာ ၃၀**

လက်ရှိတွင် နယ်ပယ်ဒေသ အသီးသီးမှ နာနတ်သီးများ မန္တလေးဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး အသီးအရွယ်အစားအလိုက် ဈေး နှုန်းအမျိုးမျိုးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

လက်ရှိ မန္တလေးမြို့ရှိ သစ် သီးပွဲရုံများတွင် အသီးအရွယ် အစားအလိုက် တစ်လုံးလျှင် ငွေ ကျပ် ၄၀၀၀ မှ ၅၀၀၀ အထိမှ ငွေကျပ် ၈၀၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိ ကြောင်း ဈေးသည်များထံမှ သိရ သည်။

နာနတ်သီးသည် တောင်သူ များအတွက် ဝင်ငွေရရှိစေနိုင် သည့် သီးနှံတစ်မျိုးဖြစ်ပြီး လတ် ဆတ်စွာ စားသုံးနိုင်သည့်အပြင် ဖျော်ရည်၊ ယို၊ အခြောက်ခံ ထုတ် ကုန်နှင့် အခြားတန်ဖိုးမြှင့် ထုတ် ကုန်များအဖြစ်လည်း ထုတ်လုပ် ရောင်းချနိုင်သည်။ နာနတ်ပင် သည် ရေဝပ်မှုကို မနှစ်သက် သဖြင့် ရေစီးဆင်းမှု ကောင်းမွန် ပြီး မြေဆီဩဇာထက်သန်သည့် ဂဝံမြေနီနှင့် သဲနုန်းမြေများတွင် စိုက်ပျိုးရန် သင့်တော်ကြောင်း သိ ရသည်။

နာနတ်သီးကို မိုးဦးကျ ကာလဖြစ်သည့် မတ်လ၊ ဧပြီလ နှင့် မေလများတွင် အဓိကစတင် စိုက်ပျိုးကြပြီး မိုးရာသီတွင် စိုက်ပျိုးခြင်းဖြင့် သဘာဝမိုးရေ ကို ရရှိကာ အပင်အမြစ်စွဲမြန်ပြီး ကြီးထွားမှုကောင်းမွန်စေသည်။ စိုက်ပျိုးမည့် သားတက်များကို မှိုတက်ခြင်းနှင့် အပင်ပုပ်ခြင်းမှ ကာကွယ်ရန် တစ်ရက်မှ နှစ် ရက်ခန့် ခြောက်သွေ့အောင်ထား ပြီးမှ စိုက်ပျိုးရကြောင်း သိရ သည်။

နာနတ်ပင်စိုက်ပျိုးပြီး ၁၅ လမှ ၁၈ လအကြာတွင် အသီး များကို ခူးဆွတ်နိုင်ပြီး ဇွန်လ ကုန်မှ စက်တင်ဘာလအထိ လှိုင်လှိုင်ထွက်ရှိကြောင်း သိရ သည်။ မိုးရာသီတွင် မှည့်သည့် နာနတ်သီးများမှာ ဆောင်းရာသီ တွင် မှည့်သည့် အသီးများထက် အချိုဓာတ် ပိုမိုကောင်းမွန်ကာ အရသာပိုမိုကောင်းမွန်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဆီဆိုင်၊ နမ့်စန်၊ မိုင်းကိုင်၊ မိုင်း ပန်နှင့် ဆိုက်ခေါင်ဒေသများတွင် နာနတ်သီးကို အဓိကစိုက်ပျိုးကြ ပြီး အဆိုပါဒေသများမှ မန္တလေး မြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

# ကုသိုလ်တော်ဘုရား မြက်ထိုးပွဲဓလေ့

## ကုသိုလ်တော် မနက်ခင်း

မနက်ခင်းတစ်ခု
အစပြုကောင်းမှုရှာ
ကျောက်စာဂူဘုရားတွေနဲ့
နေအပွင့်မှာ
အခြေတင့်စွာ ရှိနေတဲ့
ကုသိုလ်တော်ဘုရားရဲ့ မုခ်ဦးအဝင်
လက်ဝဲဘက် ပလ္လင်ပေါ်က
ဘုရင်မင်းတရား
ဤကား ငါ၏ကောင်းမှု
အကြောင်းပြု ကုသိုလ်ရှာ
သံသရာရဲ့ ရိက္ခာထုပ်ရယ်လို့
စိတ်မှာအဟုတ်ပြောနေသယောင်
ဘုရားစောင်းတန်းအဝင်
ခရေပင်ကြီးတွေက နှုတ်ဆက်
ကျေးငှက်တို့က ညံစီစီ
အသံစုံညီအားအင်အပြည့်နဲ့
ဓလေ့ဘာသာစကား
အော်မြည်ကာ ပြောကြားရင်း
မနက်ခင်းကို ကြိုဆိုလို့
ဘုရားဆင်းတုတော်ရှေ့မှာ ဝပ်တွား
ဗုဒ္ဓံ ဓမ္မံ သံဃံ ပူဇေမိပါဘုရား
သတ္တဝါများ မေတ္တာဝေ
မာပါစေ ဆုတောင်းရင်း
ကုသိုလ်တော် မနက်ခင်း
နေရောင်ခြည်လင်းစမှာ
ကြည်နူးခြင်းများစွာနဲ့
နှလုံးသားများမှာ အေးမြလို့။ ။

မြင့်သိန်း(ပညာရေး)

တစ်နေ့က မန္တလေးနေ့စဉ်သတင်းစာ အဟောင်းတွေကို ပြန်ဖတ်ရင်း မထင်မှတ်ဘဲ ကျွန်တော် လေးစားအားကျရတဲ့ စာရေးဆရာ မြင့်သိန်း(ပညာရေး)ရဲ့ 'ကုသိုလ်တော်မနက်ခင်း' ဆိုတဲ့ ကဗျာကို ဖတ်မိတော့ ငယ်ငယ်တုန်းက ကုသိုလ်တော်ဘုရားထဲမှာ ကျွန်တော်တို့ နန်းရှေ့နယ်လုံးဆိုင်ရာ အတွင်းမှာရှိကြတဲ့ ရပ်ကွက်တိုင်းက တော်သလင်းလကုန်ခါနီးရင် ကုသိုလ်တော်ဘုရားဝင်းအတွင်းမှာ ပေါက်ရောက်နေသော မြက်များနှင့် ချုံနွယ်များ သန့်ရှင်းရေးလုပ်ကြသည်ကို ပြန်လည်သတိရမိပါသည်။

မန္တလေးမြို့ရဲ့ ကျက်သရေဆောင် ကုသိုလ်တော်ဘုရားဝင်းထဲမှာ လူကြီး၊ လူငယ်တွေ အမျိုးသား၊ အမျိုးသမီး ပျိုပျိုအိုအို ဝါတွင်းကာလ တော်သလင်းလရောက်လျှင် သီတင်းကျွတ်ပွဲတော်သို့ လာရောက်၍ ဆွမ်းကြီးလောင်းလှူမည့်သူများ စိတ်ချမ်းမြေ့သာယာစွာ တည်းခိုနားနေနိုင်ရန်အတွက် သန့်သန့်ရှင်းရှင်းနေနိုင်ရန် နန်းတော်ရှေ့နယ်လုံးဆိုင်ရာ ရပ်ကွက်များအတွင်းမှ ကုသိုလ်ဖြစ်လုပ်အားပေးကြသောပွဲကို 'မြက်ထိုးပွဲ'ဟု မှတ်သားရပါသည်။ ဘယ်လောက်လှတဲ့ နာမည်လဲ။ ထူးခြားတယ်။ ဆန်းပြားတဲ့နာမည်လေးနော်။ ပုသိမ်ကြီးမြို့နယ်တစ်ဝိုက် ရွာများမှ



လာကြသော ဧည့်သည်များအတွက် ယခုလို ကြိုတင်သန့်ရှင်းရေးလုပ်ထားခြင်းဖြစ်ပါသည်။

ပျော်စရာအလွန်ကောင်း၊ ကုသိုလ်လည်းရ ဝမ်းလည်းဝ စုပေါင်းညီညာအောင်ကြောင်းဖြာပေါ့ဗျာ။ ဘုရားကို မသွားမီ နံနက် ၇ နာရီမှာ ကျွန်တော်တို့ ရပ်ကွက်ဓမ္မာရုံမှာ မြက်ထိုးပွဲသို့ လိုက်ပါကြမည့် လူကြီး၊ လူငယ်တွေ ကာလသားခေါင်း၊ အပျိုခေါင်းတွေက လက်ဖက်ရည်နဲ့ ပဲနံပြားကို ကျွေးပါတယ်။ စားပြီးလို့ လူစုံတာနဲ့ 'ဦးစောကုန်မာဆိုင်' နန်းတော်ရှေ့ဈေးထဲမှ ဝယ်ယူထားသော ပေါက်ပြား၊ ဂေါ်ပြား၊ တူရွင်းပြား၊ တံမြက်စည်းအကြမ်းနှင့် အမှိုက်များ၊ ထည့်စရာတောင်းများနှင့်အတူ မြက်ထိုးပွဲမတိုင်မီ ရပ်ကွက်အတွင်းမှ အလှူခံရရှိထားသော ရန်ပုံငွေဖြင့် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးခြောက်၊ ငရုတ်သီးကြော်၊ သရက်ချဉ်စသည်များကို ဝယ်ယူ၍ တစ်ပိုင်တစ်နိုင် လူကြီး၊ လူငယ်များက သယ်ဆောင်ကာ ဘုရားကို တပျော်တပါးသွားကြပါသည်။

အဲ့ဒီအချိန်က လုပ်အားပေးကြမည့် လူငယ်တွေ ပျော်ရွှင်စေဖို့အတွက် ဦးအောင်ငြိမ်း+အမေပွေးတို့၏ 'စန်းသော်တာ'အသံချဲ့စက်ကို ကျွန်တော်တို့ အစ်ကိုကြီးလူပျိုကြီး ကိုတင်မောင်ဝင်းမှ နှစ်တိုင်းတာဝန်ယူငှားပေးပါသည်။ သူများငှားခိုင်းရင် စိတ်ဆိုးတတ်သူပါ။ အသံချဲ့စက်ပစ္စည်းများကို အကွက်(၈)မှ ကိုကုလား၏ နွားလှည်းဖြင့် သယ်ဆောင်ကာ လူကိုယ်တိုင်လိုက်ပါလာပါသည်။ စက်ကိုင်မှာ ဘူးကုန်းရွာထဲမှ ကိုစိန်ညွန့်ဖြစ်ပါသည်။ မြက်ထိုးပွဲကို တချို့ရပ်ကွက်က တနင်္ဂနွေနေ့ ရုံးပိတ်၊ ကျောင်းပိတ်ရက်ပေါ့။ ကျွန်တော်တို့ အကွက်(၇)တောင်ဒွါလောင်းရပ်ကွက်နှင့် ယပ်တန်းရပ်ကွက်တို့ဟာ နှစ်တိုင်းဆုံကြပါတယ်။ ဥပုသ်အပတ်စဉ်တိုင်းပေါ့။ ကျွန်ုပ်တို့ရပ်ကွက်ကို အပျိုကြီး အမေကြီးချယ်နှင့် အပျိုကြီး အမေကြီးမြိုင်တို့မှ နှစ်စဉ်ဦးစီး၍ ကုသိုလ်ယူပါသည်။ မြက်များကို ကိုယ့်ငန်းနှင့် ကိုယ်ရှင်းကြရပါသည်။ တချို့ရပ်ကွက်များဆိုရင် ရပ်ကွက်နှစ်ခု သုံးခု ဆုံသည်လည်း ရှိတယ်ပေါ့ဗျာ။

ယောက်ျားလေးများက မြက်များကို ပေါက်ပြားဖြင့် ပေါက်၍ ကလေးငယ်များက မြက်များကို တောင်းထဲသို့ ထည့်ပေးကာ မိန်းကလေးများက ဘုရားအုတ်တံတိုင်းဘက်သို့သွား၍ ပို့ကြပါသည်။ အုတ်တံတိုင်းပေါ်တွင် ကာလသားများက စောင့်ကြို၍ အမှိုက်များကို အုတ်တံတိုင်းအပြင်ဘက်သို့ သွန်ကြရပါသည်။ အဲ့ဒီအချိန်ကတော့ ရည်းစားရှိတဲ့သူကလည်း ကိုယ့်ကောင်မလေးက ကိုယ်ဘယ်လောက်အလုပ်လုပ်သလဲဆိုတာ သိရအောင် အစွမ်းကုန်အလုပ်လုပ်ကြပြီပေါ့ဗျာ။ ရည်းစားမရှိသေးသူကလည်း ဒီပွဲမှာ ရှာကြပြီပေါ့။ ဒီလိုနဲ့ ဖူးစာရှင်ကို ရှာကြတာပါ။ မိန်းကလေးတွေကလည်း အမှိုက်ကို နီးတဲ့နေရာမှာ မပစ်ဘဲ သူ့ကောင်လေးရှိတဲ့နေရာအထိ သွားပစ်ကြတာပေါ့။ အဲ့ဒီအချိန်ကတော့ ပျော်တပြုံးပြုံး မော်မဆုံးပေါ့ဗျာ။ မောလို့ မောမှန်းမသိ ပန်းလို့ပန်းမှန်းမသိ စိုင်းထီးဆိုင်ရဲ့ သီချင်းလို 'မောတော့မောတာပေါ့ ဒါပေမဲ့ မမောဘူး'။

နေ့လယ်စာစားဖို့အတွက်ကို သံဖြူဦးကိုလေး၊ ပန်းထိမ်ဆရာကြီး ဦးဘညွန့်၊ ကိုကြည်သန်းနှင့် အမျိုးသမီးတွေဘက်က မကြင်ကြင်လှ၊ မစန်းဦး၊ မညိုတို့ အုပ်စုမှ ထမင်းနှင့်ဟင်း ချက်ပြုတ်ရေးကို တာဝန်ယူထားကြပါသည်။ ထမင်း၊ ကုလားပဲနှပ်၊ ငါးခြောက်ကြော်၊ ငရုတ်သီးကြော်၊ သရက်ချဉ်သုပ်နှင့် ကျွေးပါသည်။ ကုလားပဲချက်ကလည်း ထမင်းရည်ကို သွန်မပစ်ဘဲ ကုလားပဲကို ထမင်းရည်နှင့် နှပ်ကာ ချက်ထားပြီး အုန်းသီးကို ဂျစ်နဲ့ခြစ်ကာ ထည့်ချက်သဖြင့် ဂျင်း(ချင်း)၊ ကြက်သွန်ဖြူနံ့မွှေးမွှေးလေးကို အင်ဖက်ခင်း၍ စားခဲ့ရသည့် အရသာဟာ တစ်သက်မမေ့စရာပါ။ ယပ်တန်းအဖွဲ့ကလည်း ကျွန်တော်တို့ဘက်ကို လာသလို ကျွန်တော်တို့ကလည်း သူတို့ဘက်ကို သွားစားစရာရှိတာစား ကူညီကြတာပေါ့ဗျာ။ နောက်ပြီး ယပ်တန်းရပ်ကွက်ကလည်း အသံချဲ့စက်ဖွင့်လို့ဗျ။ အပြိုင်အဆိုင်ပေါ့။ ကျွန်တော်တို့က ကုသိုလ်တော်ဘုရားအရှေ့ပေါက်မြောက်ဘက်၊ ယပ်တန်းကတောင်ဘက်ပေါ့။ နောက်ပြီး နေ့လယ်ကျ အအေးဖျော်ရည်ပေါ့ဗျာ။ အဲ့ဒီတုန်းက ရေခဲက ရေခဲစက်မှာ ပေါင်လိုက်ဝယ်ရတာ ယခုခေတ်လို ရေသန့်ခဲတွေမရှိသေးဘူး။ ကျွန်တော်တို့ခေတ်တုန်းကတော့ ဘာလီဖျော်ရည်နှင့် ကေတီဆီးဖျော်ရည်ကို နှစ်ခုပေါင်းပြီး ဖျော်ကာ ဒန်အိုးကြီးထဲမှာ ရေခဲကို အတုံးလိုက်ထည့်ထားတာ သောက်ပေရော့ကောင်းမှကောင်းပဲ။ 'မြက်ထိုးပွဲ'ဆိုတဲ့ အသုံးအနှုန်းကို ဘယ်အချိန် ဘယ်သူက နာမည်ပေးထားသလဲဆိုတာ ဘယ်သူမှ တိတိကျကျအဖြေကို မပေးနိုင်ကြဘူး။ လုပ်အားဒါနပေါ့ဗျာ။ ဘုရားဂေါပကလူကြီးမင်းများကလည်း လိုအပ်သည်များကို ကူညီပံ့ပိုးပေးပါသည်။ ခိုက်ရန်ဖြစ်ပွားခြင်း မရှိပါ။ ခရေပင်ကြီးတွေကလည်း ဘုရားဝင်းထဲမှာ မျက်စိတစ်ဆုံးပါပဲဗျာ။ ကုသိုလ်တော်ဘုရားအနောက်စောင်းတန်းဘက်မှာတော့ နန်းတော်ရှေ့ရဲ့ ရေခဲခြစ်ဘိုးသက်ရှည်လို့ခေါ်ရတဲ့ 'အိုအေစစ်'ရေခဲခြစ်အရောင်းဆိုင်ကလည်း တန်းစီပြီးကို စောင့်နေရတာဗျို့။ နန်းတော်ရှေ့ရောက်လို့မှ 'အိုအေစစ်'ရေခဲခြစ်ကို မစားရရင် ခေတ်မမီဘူးဆိုဘဲ။ တကယ်ပြောတာပါ။ ပုသိမ်ကြီးနယ်တစ်ဝိုက်ကလည်း သီတင်းကျွတ်ပွဲတော်ကို ပွဲအစ ပွဲအဆုံး ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်မကျန် လှည်းပေါ်မှာ အပြည့်တင်လာပြီး နွားတွေအတွက်လည်း နွားစာနှင့်အတူ နွားစားကျင်းပါ လှည်းပေါ်တင်လို့ အိမ်မှာ မွေးထားတဲ့ ခွေးကလှည်းအောက်ကနေ လိုက်လာတာပေါ့ဗျာ။ ဟိုးအရင်တုန်းက ယခုလို ဘုရားဝင်းထဲမှာ ကြွေပြားတွေ အပြည့်ခင်းမထားတော့ ကျောက်စာဂူတွေဘက်မှာ အခုလို မြက်တွေပေါက်တာပေါ့။ အခုတော့ ကြွေပြားတွေအပြည့်ခင်းထားတော့ ပိုပြီးသန့်ရှင်းသွားတာပေါ့။ ညနေ ၅ နာရီလောက်မှာ ပစ္စည်းအကုန်သိမ်း ဘုရားရှေ့က အလှူခံပုံးမှာ စုပေါင်းပြီး အလှူငွေထည့်ပြီး အသံချဲ့စက်ကို လှည်းပေါ်တင်၍ ရပ်ကွက်ထဲကို ပြန်ကြပြီပေါ့။ တစ်နှစ်စာလုပ်အားဒါနပြီးမြောက်ခဲ့ပြီပေါ့ဗျာ။

အခုနောက်ပိုင်းမှာတော့ 'မြက်ထိုးပွဲ'ဆိုတာ ဘာကိုခေါ်သလဲဆိုတာ အခုခေတ်လူငယ်တွေ မသိမိကြတော့ဘူး။ အစဉ်အလာထိန်းသိမ်းဖို့ သူတို့အတွက်က ဝမ်းနည်းစရာပါ။ ခေတ်မီတိုးတက်လာတဲ့ အရာရာဟာ ပြောင်းလဲသွားသလို အစားထိုးစရာတွေကလည်း နောက်မှာအမြဲကပ်ပါလာနေပြီလေ။ ငယ်ဘဝက 'မြက်ထိုးပွဲ' အကြောင်း ပြောပြပေးတဲ့ ကျွန်တော့်ရဲ့အစ်ကိုကြီး ကိုကုလားကြီး(ခ)လူပျိုကြီး ကိုတင်မောင်ဝင်းနှင့် 'ကုသိုလ်တော်'ကဗျာကို အသုံးပြုခွင့်ပေးသော စာရေးဆရာမြင့်သိန်း(ပညာရေး)အား အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ သီတင်းကျွတ်မတိုင်မီ 'မြက်ထိုးပွဲ'အကြောင်း ဒီမှာ အဆုံးသတ်နိဂုံးချုပ်လိုက်ရပါတယ်ခင်ဗျာ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**သရက် စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက သရက်ခရိုင် ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမတွင် ကျင်းပသည်။



အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် (ရုံးရပ်) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ကလေးအလုပ်သမားပပျောက်ရေးအကြောင်း ဟောပြောရာတွင် ကလေးအလုပ်သမားဆိုတာ ဘာလဲ၊ ကလေးသူငယ်များ၏အခွင့်အရေးဆိုတာ ဘာလဲ၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန် ကန့်သတ်ချက်များအား ရှင်းလင်းဟောပြောသည်။ ၏

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးကြပြီး ပြည်သူ့စာကြည့်တိုက်မှ စာအုပ်၊ စာစောင်များအား ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

**ဇော်ထက်(သရက်)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မြန်မာ

## သတိထား အသိပွား

— — — — —

* ထိသိ၊ သတိ ရင်မှာရှိ
မကောင်းမှုများ မပြုဖြား
ပြုထားကုသိုလ် နေ့တိုင်းလို
ဖြူစင်စိတ်ထား အမြဲမွေး
မအိုသေးခင်မှာ တရားရှာ
မနာသေးခင်မှာ တရားရှာ
မသေသေးခင်မှာ တရားရှာ
နောင်သံသရာ ကောင်းဖို့ရာ
ထွက်လေ၊ ဝင်လေ ရှုပွားလေ
နားသီးဖျားမှာ တည်ပါစေ
မရဏမင်းနှင့် စစ်ခင်းလိုက်
တစ်ရှူတစ်ရှိုက် မဂ်ဖိုလ်စိုက်။ ။

**ဝိုင်ကြည်ဖြူ(နောင်ချို)**

## ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် စက်တင်ဘာ ၂၉ရက်က ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြင်ပစာပေများဖတ်ရှုခြင်းဖြင့် အသိအမြင် အတွေးအခေါ်များ ပိုမိုရရှိစေရေး၊ စာကြည့်တိုက်နှင့်အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရန် ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ပြိုင်ပွဲကို ကျင်းပခဲ့ရာ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။ (ယာပုံ)

**အောင်ဇော်မင်း**



## ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ မိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်း

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းများအား စက်တင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီက ရွေ့လျား စာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ငှားရမ်းပေးခဲ့သည်။

အဆိုပါစာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် အချိန်ကို အကျိုးရှိစွာအသုံးချ တတ်စေရန်၊ စာဖတ်ခြင်းဖြင့် ရရှိလာမည့် စာပေအကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်၍ ယင်းရွေ့လျားစာကြည့်တိုက်ယာဉ်၌ သုတ၊ ရသစာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အခမဲ့ ငှားရမ်းပေးခဲ့သည်။

ယင်းစာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(ယာပုံ)

**အောင်ဖြိုးစင်(ခရိုင်ပြန်/ဆက်)**





## လူငယ်တွေစာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**သာစည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် လူငယ်များ စာဖတ်ရှိန်မြင့်တက်လာစေရန် လူငယ်တွေ စာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက် နံနက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သင်းသင်းက စာဖတ်ဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာအောင်ပိုင်နှင့် စာရေးဆရာများက စာဖတ်ခြင်း အကျိုးကျေးဇူးများနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်အားကောင်းလာမည်ဖြစ်ကြောင်းနှင့် မိမိတို့ဖတ်ထားသည်များကို ရဲဝံ့စွာပြောဆိုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက် ရက်စွဲဖြင့် ထုတ်ဝေသည့် ဒို့ကျေးရွာဂျာနယ်မှ စာရေးဆရာ ဒေါက်တာသန်းထွန်း ရေးသားထားသော "လူငယ်တွေစာဖတ်ကြပါ"ဆောင်းပါးအား သာစည်မြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မီးရထားမှ ကျောင်းသား၊ ကျောင်းသူများက ဆောင်းပါးပါအကြောင်းအရာများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စာဖတ်ဝိုင်းမှရရှိသည့် အကျိုးကျေးဇူးများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၄၈၇)



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဩဝါဒခံယူပွဲ ကျင်းပ



**ပြင်ဦးလွင် စက်တင်ဘာ ၃၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဩဝါဒခံယူပွဲကို စက်တင်ဘာ ၂၇ မွန်းလွဲပိုင်း ၃ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ရာ ဆရာတော်၊ သံဃာတော်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို ပထမဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ စတင်ဖွင့်လှစ်ပြီး အခမ်းအနားသို့ တက်ရောက်လာသော ဆရာတော်၊ သံဃာတော်များမှ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ သာသနာရေးဆိုင်ရာကိစ္စရပ်များအား လျှောက်ထားတင်ပြပြီး ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက ခရိုင်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လျှောက်ထားတင်ပြခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက လျှောက်ထားတင်ပြချက်များအပေါ် ဩဝါဒစကားမိန့်ကြားခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့မိ၊ မြို့ဖများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများက လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းခဲ့ပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

ခရိုင်(ပြန်/ဆက်)

## စစ်ကိုင်းမြို့တွင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**စစ်ကိုင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းမြို့တွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့၊ ရှင်ချမ်းဘိုးဘွားရိပ်သာ၌ ကျင်းပခဲ့သည်။

ရှင်ချမ်းဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၁၁၀ ဦးအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာသော်တာထက်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

နေလင်းအောင်(ပြန်/ဆက်)

၀-၀-၀-၀-၀

## ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**သာစည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက (၂၀) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက သာစည်မြို့ အမှတ်(၁) ရပ်ကွက် ငါးဆူတိုးချဲ့ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်အေးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မြင့်နိုင်က ခွေးရူးရောဂါနှင့်ပတ်သက်ပြီး အသိပညာပေးဟောပြောရာတွင် ခွေးရူးရောဂါဆိုတာဘာလဲ၊ ခွေးရူးရောဂါကူးစက်နိုင်သောတိရစ္ဆာန်များ၊ ကူးစက်ပြန့်ပွားပုံ၊ ဖြစ်ပွားမှုနှင့်သေဆုံးမှုများ၊ ကမ္ဘာနှင့် မြန်မာနိုင်ငံ၏ ခွေးရူးရောဂါအန္တရာယ် စသည်ဖြင့် ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြောင်းသိရသည်။

(၄၈၇)

## လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များနေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး

**မြို့သစ် စက်တင်ဘာ ၃၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင်လှကြည်နှင့် ဝန်ထမ်းများသည် လမင်းစီမံချက်ဖြင့် အသက်(၁၀) နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို ယမန်နေ့က ကနီကျေးရွာရှိ သဲဖြူမဟာမြိုင်တောရဆရာတော်ကြီးကျောင်း၌ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ မြို့သစ်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)ဦးစိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ အ·လ·က (ကနီ)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ (၆၆)ဦးနှင့် အ·ထ·က (မထွဲ)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ (၄၉)ဦး စုစုပေါင်း (၁၁၅)ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် UIDကတ်များ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)





## သီတင်းကျွတ်ရုံးပိတ်ရက်ရှည်အတွက် ပုဂံဟိုတယ်အခန်းများ ပြည့်လုနီးပါးဖြစ်နေ

**မန္တလေး စက်တင်ဘာ ၃၀**

သီတင်းကျွတ်ရုံးပိတ်ရက်ရှည်ကာလအတွက် ပုဂံဒေသရှိ ဟိုတယ်အခန်းများ ပြည့်လုနီးပါးဖြစ်နေကြောင်း သိရသည်။

အဆိုပါ ကာလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် သီတင်းကျွတ်ပွဲတော် ကျင်းပပြီး မီးပုံးပျံများ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

မီးပုံးပျံများကို အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် Sunset ကုန်းတို့တွင် နေရာသုံးနေရာခွဲ၍ လွှတ်တင်သွားမည်ဖြစ်သည်။

မီးပုံးပျံ လွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဒေသခံများ ပူးပေါင်းကာ ကြိုတင်စမ်းသပ်လွှတ်တင်မှုများ ပြုလုပ်နေကြောင်း Bagan Lover အဖွဲ့က အသိပေးထားသည်။

သီတင်းကျွတ်ပွဲတော်အတွင်း မီးပုံးပျံများနှင့် မြတ်ဗုဒ္ဓအား အလင်းရောင်ဖြင့် ပူဇော်မည့်အစီအစဉ်အပြင် မီးပုံးပျံများတွင် ငွေပဒေသာပင်များ ချိတ်ဆွဲ၍ ပုံသကူပစ်သည့် ကုသိုလ်ပြုအစီအစဉ်များနှင့် အညာဒေသထွက် ရိုးရာအစားအစာများ ရောင်းချမည့် အစားအစာပွဲတော်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများ ပုဂံဒေသ၏ သီတင်းကျွတ်လပြည့်ည အလှအပများကို ကြည့်ရှုခံစားနိုင်စေရန် ရည်ရွယ်၍ ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ (အပေါ်ပုံ) ရွှေမန်း

## တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲနှင့် ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်

**မန္တလေး စက်တင်ဘာ ၃၀**

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဂျူဒိုအားကစားပြိုင်ပွဲတွင် ဆုရရှိကြသော သင်တန်းသား၊ သင်တန်းသူများ၊ မန္တလေးတိုင်းဒေသကြီးအားကစားဆပ်ကော်မတီများမှ ကျင်းပသော အားကစားပြိုင်ပွဲများနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိခဲ့သူများနှင့် ကြံ့ခိုင်စွမ်းရည် ငါးမျိုးစစ်ဆေးခြင်းတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ခြင်းကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက စားရိပ်သာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းမှူး၊ ဒုတိယသင်တန်းမှူးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဂျူဒိုပြိုင်ပွဲများတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများ၊ မန္တလေးတိုင်းဒေသကြီးအားကစားဆပ်ကော်မတီများမှ ကျင်းပသော အားကစားပြိုင်ပွဲများတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများနှင့် ကြံ့ခိုင်စွမ်းရည် စစ်ဆေးခြင်းတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)

၀-၀-၀-၀-၀





ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက် မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြှင့်တင်ပါ။

## ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ကာလအလိုက် လျာထားနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**မြစ်ကြီးနား စက်တင်ဘာ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းများကို ကာလအလိုက် လျာထားဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေးကော်မတီဝင်များ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဦးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသ၏ အမှန်တကယ် လိုအပ်ချက်များအပေါ် အခြေခံ၍ ရေရှည်မျှော်မှန်းချက်များ ချမှတ်ကာ စနစ်တကျ လျာထားဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၄၀-၂၀၄၁ ဘဏ္ဍာရေးနှစ်အထိ ကာလတို၊ ကာလလတ်နှင့် ကာလရှည် စီမံကိန်းလုပ်ငန်းများ လျာထားဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းတံတားနှင့် အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့နိုင်သည့်အခက်အခဲများနှင့် လိုအပ်ချက်များ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်တွေ့လိုအပ်ချက်နှင့် ကိုက်ညီသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဦးစားပေးလျာထား၍ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**စိန်လွင်(ကျေးလက်)**

*-*-*-*-*-*-*

## ဆင္ဍမအကြိမ်မြောက် အာဟာရကျွေးမွေး



**ဂန့်ဂေါ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းနေအရွယ်ကလေးများအားလုံး အာဟာရပြည့်ဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်ကောင်းများ စွဲမြဲစွာ ကျင့်သုံးတတ်စေရန် ရည်ရွယ်၍ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ဆင္ဍမအကြိမ်မြောက် အာဟာရကျွေးမွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ကြသည်။

ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် ဆင္ဍမအကြိမ်မြောက် အာဟာရကျွေးမွေးခြင်းကို ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာကျောင်း ခြောက်ကျောင်းနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းကိုးကျောင်း၊ အခြေခံပညာကျောင်း ၁၅ ကျောင်းရှိ KG ကျောင်းသား၊ ကျောင်းသူ ၄၇၅ ဦးအား သက်ဆိုင်ရာကျောင်းအုပ်ကြီးများ ဦးဆောင်၍ အတန်းမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ ပူးပေါင်း၍ နေ့လယ်စာ အာဟာရ ထမင်း၊ ဟင်းနှင့် အသီးအနှံများကို ကျွေးမွေးခဲ့ကြသည်။

အဆိုပါ KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တဆေးရုံအုပ် ဒေါက်တာဝင်းထိုက်၊ မြို့နယ်ကျန်းမာရေးမှူး ဦးထွန်းဇော်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးဟန်စိုးစိုးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်မျိုးမင်း(ပြန်/ဆက်)**

*-*-*-*-*-*-*

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်း

**တာချီလိတ် စက်တင်ဘာ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက နားယောင်းကျေးရွာအုပ်စု၊ ပူဟိုမိန်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲလှဲသင်းက ပူဟိုမိန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ပူဟိုမိန်းကျေးရွာမှ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသား၊ ကျေးရွာသူများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။



တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် တစ်နိုင်တစ်ပိုင် စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ပူဟိုမိန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း Type- 2 အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ်သိန်း ၂၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ) **မောင်နိုင်**

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လှည့်လည်အသိပေးနှိုးဆော်

**မြစ်သား စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လက်ရှိ ဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ်အခြေအနေနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်ရန် ရည်ရွယ်၍ စက်တင်ဘာ ၂၉ ရက် ညနေ ၅ နာရီက အများပြည်သူများ သိရှိစေရေးအတွက် လှည့်လည် အသိပေးနှိုးဆော်ခဲ့သည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ မြို့နယ်မီးသတ်ဦးစီးဌာန၊ မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော် ဦးဆောင်၍ မီးသတ်ယာဉ်ဖြင့် အသံချဲ့စက်အသုံးပြုကာ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်ထားရှိရေး၊ အရေးပေါ်အခြေအနေတွင် သက်ဆိုင်ရာ ဌာနများ၏ အသိပေးညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရေး၊ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရေး သိရှိနိုင်စေရန်အတွက် ပေါက်မြိုင်ကျေးရွာ၊ လောင်းတော်ဦးကျေးရွာနှင့် ကင်းစိန်ဈေးကျေးရွာများသို့ သွားရောက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေးတို့ကို လှည့်လည်အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**ဝါဝါမြင့်(မြစ်သား)**

## ခွေးရူးပြန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ကျောက်ဆည် စက်တင်ဘာ ၃၀**

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ခွေးရူးပြန်ရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အိမ်မွေးတိရစ္ဆာန် (ခွေး၊ ကြောင်) များတွင် ခွေးရူးပြန်ရောဂါ ဗိုင်းရပ်စ်ပိုး (Lyssavirus Rabies) ကူးစက်ခံရခြင်းမှ ကင်းဝေးစေရန်နှင့် အိမ်မွေးတိရစ္ဆာန်များမှ လူသို့ ခွေးရူးပြန်ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန် ရည်ရွယ်၍ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးခဲ့သည်။



ထိုသို့ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံရာ၌ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်း(ဗဟို)မှ ထောက်ပံ့သည့်ကာကွယ်ဆေးဖြင့် ကျောက်ဆည်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ဝင်းခန့်နှင့် ဝန်ထမ်းများက ကျောက်ဆည်မြို့ပေါ် ရပ်ကွက်အသီးသီးရှိ ခွေးကောင်ရေ ၅၀ အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

သင့် ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ ။

# သဘာဝဘေးအန္တရာယ် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်



**ပခုက္ကူ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပခုက္ကူခရိုင် ဦးစီးမှူးရုံးမှ သဘာဝဘေးအန္တရာယ် အသိပညာပေးနှိုးဆော်ခြင်းများကို ယမန်နေ့နံနက်ပိုင်းက လူစည်ကားရာ လမ်းဆုံများတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လေပြင်းမုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့်အချက်များ၊ လေပြင်းမုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန် အချက်များ၊ လေပြင်းမုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ၊ လေပြင်းမုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များနှင့် လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြု လိုက်နာရန် အချက်များအား အသံချဲ့စက်ဖြင့် ကြေညာခြင်းကို လူစည်ကားရာလမ်းဆုံများ၊ လမ်းများတွင် ဆောင်ရွက်ခဲ့သည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပခုက္ကူခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မုန်တိုင်းဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များအား ပြည်သူများသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) မယ်နွေ**



# ဓာတ်မြေဩဇာစုပေါင်း ရောင်းချပွဲနှင့် စိုက်ကေပြည့်မီရေး နည်းပညာပေး ဆွေးနွေးပွဲကျင်းပ

**မြစ်သား စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဓာတ်မြေဩဇာ စုပေါင်းရောင်းချပွဲနှင့် အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ဧကပြည့်မီရေးနည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မြို့မနည်းပညာပေးစင်တာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းသူက အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီငွေက အဓိကသီးနှံများစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းစနစ်တကျ စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က နိုင်ငံတော်မှ ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာရောင်းချပေးခြင်းဖြင့် တစ်ဧကသီးနှံအထွက်နှုန်းတိုးတက်လာစေရန်၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံ့စီးပွားရန်ပုံငွေများထူထောင်နိုင်ရန်နှင့် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဓာတ်မြေဩဇာများရောင်းချပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် တောင်သူများကို မျိုးစေ့များ၊ မြေဩဇာများနှင့် စိုက်ပျိုးရေးသုံးပိုးသတ်ဆေးများပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**ဝါဝါမြင့်(မြစ်သား)**

# ဝါစိုက်ပျိုးမည့် တောင်သူများအား (RBF) စီမံကိန်းရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေး

**တပ်ကုန်း စက်တင်ဘာ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ဝွေးပင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်က ဝွေးပင်ကျေးရွာတွင် ဝါစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများအတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် (RBF) စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဝွေးပင်ကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် ဝါစိုက်ပျိုးမည့် ရွှေပင်သစ်အဖွဲ့နှင့် ငွေလရောင်အဖွဲ့တို့ကို တစ်ဖွဲ့လျှင် (RBF) စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်း၊ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၅၀ အား အစုအဖွဲ့ဝင်များ၏ လက်ဝယ်အရောက် အတိုးနှုန်း သက်သာစွာဖြင့် ပထမအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**စိန်လွင်(ကျေးလက်)**




# မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီ ဥက္ကဋ္ဌဖလား ကရာတေးပြိုင်ပွဲကျင်းပ၊ သက်တမ်းအလိုက်ဆုများ ချီးမြှင့်

**မန္တလေး စက်တင်ဘာ ၃၀**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌဖလား ကရာတေးပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်များက မန္တလေးမြို့ ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်နှင့် ကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး တိုက်ကွမ်ဒို၊ ဝူရှူး၊ ဗိုဗီနမ်၊ လက်ဝှေ့၊ မြန်မာ့သိုင်းအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကရာတေးအသင်းများမှ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကရာတေးကလပ်အသင်းများက ကွင်းအတွင်းနေရာယူကြပြီး မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားကာ နည်းစနစ်မှူးက ပြိုင်ပွဲစည်းကမ်းများ ပြောကြား၍ သက်တမ်းအလိုက် ကရာတေးပြိုင်ပွဲများ ကျင်းပပြီး တာဝန်ရှိသူများက ဆုများ ပေးအပ်သည်။ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကရာတေးကလပ်များမှ ကျောင်းသား၊ ကျောင်းသူ အားကစားသမား ၄၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီမှ မွေးထုတ်ပေးခဲ့သော အားကစားသမားများသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။



**(ဝဲပုံ) (ဝ၄၅)**

မီး သတိပြု။

# စားသုံးသူရေးရာအသိပညာပေး ဟောပြော

**သရက် စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းကျောင်း၊ ကိုးပင်ကျေးရွာ၌ ကျင်းပခဲ့ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးက "ဘေးအန္တရာယ်ဆိုင်ရာ မိုးကြိုးပစ်ခြင်းအကြောင်း၊" ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က "ဘဝတိုးတက်အောင် စာဖတ်ကြပါစို့" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဦးထင်ကျော်လင်းက "စားသုံးရန်မသင့်သည့် အစားအစာများနှင့် ကုန်အညွှန်း အမှတ်အသားများအကြောင်း" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်အား ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**ဇော်ထက်(သရက်)**



## "အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(က/၃၅၃)၊ ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးမျိုးသိန်းဂရန်အမည်ပေါက်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း အရှေ့အနောက်(၃၀)ပေ×တောင်မြောက်(၄၀)ပေ ဧရိယာ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးနံကပ်(၂)ထပ်တိုက်(၁)လုံး၊ အဝီစိတွင်းရေ၊ လျှပ်စစ်မီးမီတာ၊ သွယ်တန်းလျှပ်စစ်ကြိုးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်၊ ပါဝါအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသာဆင့်(ဘ)ဦးကံရ(၉/မရမ(နိုင်)၀၁၈၂၁၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်သူများ-**
**ဦးခင်မောင်ညွန့်(ဘ)ဦးသိန်း**
**၉/မနတ(နိုင်)၀၆၈၁၉၄**
**ဒေါ်စိန်စိန်(ဘ)ဦးဉာဏ်**
**၉/မနတ(နိုင်)၀၆၉၆၁၀**

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
(Liberal) **ဥပဒေအကျိုးဆောင်**

**ဦးကျော်စင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးစိုးရန်ပိုင်(LL.B)**
**အထက်တန်းရှေ့နေ**

**အကွက်(၄၈၀-က)၊ သာမိုးတောင်ရပ်၊ တမ္ပဝတီ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၃၇၃၃၃၆၈၊ ၀၉-၄၀၂၇၆၄၃၃၆၊ ၀၉-၂၂၁၂၀၅၅**

## "အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၃)၊ ဦးပိုင်အမှတ် (၁၈-ဆ)၏ အရှေ့မြောက်ထောင့်နှင့် ဦးပိုင်အမှတ်(၂၀)၏ အနောက်ဘက်ခြမ်း၊ ဦးပိုင်(၂)ခုပေါင်း အရှေ့အနောက်တောင်ဘက်ခြမ်း(၇၇)ပေ၊ အရှေ့အနောက်မြောက်ဘက်ခြမ်း(၇၃)ပေ×တောင်မြောက် (၆၀)ပေ ဧရိယာအကျယ်အဝန်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးနံကပ်(၂)ထပ်တိုက်(၁)လုံး၊ အဝီစိတွင်းရေ၊ လျှပ်စစ်မီးမီတာ၊ သွယ်တန်းလျှပ်စစ်ကြိုး၊ ပေါက်ရောက်သစ်ပင်အပါအဝင်တို့ကို ရှေးယခင်ကတည်းက အစဉ်တစိုက် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ခဲ့ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်သည့် ၁။ဒေါ်သန်းသန်း(ဘ)ဦးကွန့်(၉/မရတ(နိုင်)၀၄၅၄၁၆)၊ ၂။ဒေါ်အေးအေးမြင့်(ဘ)ဦးအေးကြူ(၉/မရတ(နိုင်)၁၁၇၄၅၃)၊ ၃။ ဒေါ်ညွန့်ညွန့်ဝေ(ဘ)ဦးအေးကြူ(၉/ခမစ(နိုင်)၀၁၃၆၁၃)၊ ၄။ဒေါ်မြတ်မြတ်မွန်(ဘ)ဦးအေးကြူ(၉/ခမစ(နိုင်)၀၁၅၅၂၃)၊ ၅။ဒေါ်ခင်ခင်မာ(ဘ)ဦးအေးကြူ(၉/ခမစ(နိုင်)၀၃၈၄၄၀)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးသန်းဇော်မင်း(ဘ)ဦးမြင့်ရွှေ**
**၉/ခမစ(နိုင်)၀၁၄၁၇၆**

(Liberal) **ဥပဒေအကျိုးဆောင်**

**ဦးကျော်စင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးစိုးရန်ပိုင်(LL.B)**
**အထက်တန်းရှေ့နေ**

**အကွက်(၄၈၀-က)၊ သာမိုးတောင်ရပ်၊ တမ္ပဝတီ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၃၇၃၃၃၆၈၊ ၀၉-၄၀၂၇၆၄၃၃၆၊ ၀၉-၂၂၁၂၀၅၅**

## "အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၄)၊ ဦးပိုင်အမှတ်(၅၇-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်ဦး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်မြင့်မြင့်ဦး(ဘ)ဦးဝင်းမြင့်(၉/မရတ(နိုင်)၀၆၂၆၇၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးမိုး (LL.B(Q),D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၆၅)**
**အကွက်(စစ-၆/၁၀၀)၊ ၅၄(ဘီ)လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၀၃၅၄၀၅၊ ၀၉-၇၉၇၂၄၄၅၁၂**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၃)၊ ဦးပိုင်အမှတ်(၄၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဦးမြဝင်း အမည်ဖြင့်မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်ဆုံးခြမ်း(၁၅×၄၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိနေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်မိုးဝင်း(ဘ)ဦးကျော်ဝင်း(၅/ကလန(နိုင်)၀၄၀၁၉၁)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူသီမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ဟန်စုမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၀ ဒသမ ၀၄၁၃)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ဦးတင်မောင်ဝင်း(ဘ)ဦးလူပျို(၉/ပသက(နိုင်)၀၄၉၆၀၃)နှင့် ၂။ဒေါ်သန်းတင့်(ဘ)ဦးပွကြီး (၉/ပသက(နိုင်)၀၄၉၆၀၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| **ဦးရဲဝင်း (LL.B)** | **ဦးပြည့်ကိုကို (LL.B)** | **ဒေါ်မြင့်မြင့်အေး (LL.M)** | **ဒေါ်ချောစု (LL.B)** | **ဦးဝင်းမောင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

**မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မှော်တောင်ရပ်၊ အကွက်(၄၅၄)**
**ဦးပိုင်(၁၉/၆) (ဦးအောင်ရ၊ ဒေါ်မျှင်) အမည်ပေါက်မြေကွက်**
**ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်(ဘဘ-၂၀)၊ ဦးပိုင်(၁၆)**
**အကွက်(ဘဘ-၂၀) ဦးပိုင်(၁၇) မြေကွက်များနှင့် ပတ်သက်၍**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မှော်တောင်ရပ်၊ အကွက်(၄၅၄)၊ ဦးပိုင်(၁၉/၆)၊ (ဦးအောင်ရ၊ ဒေါ်မျှင်) အမည်ပေါက်မြေကွက်သည် ဘိုးဘွားပိုင်မြေကွက်ဖြစ်ပြီး၊ အောင်သာယာရပ်ကွက်(ဘဘ-၂၀)၊ ဦးပိုင်(၁၆) (၁၇) မြေကွက်တို့သည် သံလျှက်မှော်တောင်ရပ် ဦးအောင်ရ နှင့် ဒေါ်မျှင် တို့ မြေများသိမ်းဆည်းခံရ၍ မြေကွက်အစားချထားသည့် အောင်သာယာရပ်(ဘဘ-၂၀) ဦးပိုင်(၁၆) (၁၇)မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက် (၃)ကွက်နှင့်ပတ်သက်၍ အမွေမခွဲဝေရသေးသည့် မြေကွက်များဖြစ်ပါသည်။

အဆိုပါ မြေကွက်များနှင့် ပတ်သက်၍ အမွေဆိုင်များ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။ လိုက်နာမှုမရှိခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်ညို(H.G.P, LL.B, D.B.L, D.L.D)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၇၅)**
**၆၆-၃/၁၁၊ ၅၁လမ်းနှင့် မနော်ဟရီလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။ ဖုန်း ၀၉-၂၀၁၂၄၆၇၊ ၀၂-၈၁၆၈၉**

## "ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၃လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားနေ (ဘ)ဦးစလင်း၏သား ဦးစံမင်း(၉/အမဇ(နိုင်)၀၇၅၀၆၉)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

PLATINUM

အထက်ဖော်ပြပါ "PLATINUM"အမည်ရှိ အမှတ်တံဆိပ်ဖြင့် "ရေချိုးခန်းသုံး" ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တဝှမ်းလုံး၌ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးစံမင်းမှ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေညာစာတမ်းစာချုပ် မှတ်ပုံတင်အမှတ် ၁၇၆၁/၂၀၂၆ ဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

"PLATINUM" အမှတ်တံဆိပ်ဖြင့် "ရေချိုးခန်းသုံး" ပစ္စည်းအမျိုးမျိုးတို့ကို လုပ်ငန်းဆိုင်းဘုတ်၊ LED ဆိုင်းဘုတ်၊ ငွေပြေစာဖြတ်ပိုင်း၊ Social Media အမျိုးမျိုးတို့တွင် ကြေညာခြင်း၊ တံဆိပ် ဖိနှိပ်ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတဝှမ်းလုံးသို့ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိ ပါသည်။

သို့ဖြစ်ပါ၍ ဦးစံမင်းတရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်သည့် "PLATINUM" အမှတ်တံဆိပ် "ရေချိုးခန်းသုံး" ပစ္စည်းအမျိုးမျိုး၏ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ ရှေ့နောက်ပြောင်း၍ဖြစ်စေ၊ ပုံသဏ္ဍာန်တူအောင်တုပပြီး လုပ်ကိုင်ခြင်းမပြုလုပ်ရန် အသိပေးကြေညာလိုက်ပါသည်။ ဆင်တူယိုးမှားသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစံမင်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးငြိမ်းချမ်းမောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၀၅)**
**၂၇(အေ)လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြား၊ ဝယ်စလီသာသနာဝင်း၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၄၄၈၈၅၀၄**

# "ဒေါ်မျိုးနဒီနှင့် အများသိစေရန် ကြေညာခြင်း"

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ချမ်း/ရွှေရပ်နေ ဒေါ်စန္ဒာအေး(ဘ)ဦးကျော်လှ(HLG-၀၄၀၀၂၀)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအေး(ဘ)ဦးကျော်လှသည် ဖေ့ဘုတ်အကောင့် Shwe Yote Lwar (ရွှေရုပ်လွှာ)အကောင့်အမည် ဖွင့်လှစ်၍ ဆိုရှယ်မီဒီယာအသုံးပြုသူတစ်ဦးဖြစ်ပါသည်။ ဒေါ်စန္ဒာအေးသည် ရပ်ကွက်အတွင်းနှင့် လူမှုကွန်ယက်မီဒီယာတို့တွင် ဂုဏ်သိက္ခာရှိသော အမျိုးသမီးတစ်ဦးအနေဖြင့် ရပ်တည်နေသော လူသိများသူတစ်ဦး ဖြစ်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၅လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြားနေသူ ဒေါ်မျိုးနဒီသည် ဖေ့ဘုတ်လူမှုကွန်ယက်စာမျက်နှာတွင် Myo Nadi (မျိုးနဒီ)နှင့် Nadi (နဒီ)ဟူ၍ ဖေ့ဘုတ်အကောင့် ဖွင့်လှစ်အသုံးပြုနေသူ တစ်ဦးဖြစ်ပါသည်။

(၁၄-၉-၂၀၂၆)မှစ၍ (၂၂-၉-၂၀၂၆)ရက်နေ့အထိ ဒေါ်မျိုးနဒီသည် Myo Nadi (မျိုးနဒီ)နှင့် Nadi(နဒီ) ဖေ့ဘုတ်အကောင့်တို့မှ ဒေါ်စန္ဒာအေး ဂုဏ်သိက္ခာကျဆင်းစေမည့် စာရေးသားပို့စ်တင်ခြင်း၊ Live လွှင့်၍ ပြောဆိုခြင်းတို့ကို ပြုမူဆောင်ရွက်လာပါသည်။ ထိုသို့ ဒေါ်မျိုးနဒီ၏ ပြုမူဆောင်ရွက်ချက်များသည် ဒေါ်စန္ဒာအေးအပေါ် ခင်မင်ရင်းနှီးသူ မိတ်ဆွေသင်္ဂဟများ၏ အထင်အမြင်လွဲစရာ၊ ဂုဏ်သိက္ခာကျဆင်းစရာ ကိစ္စရပ်များ ပေါ်ပေါက်လာပါသည်။

ထို့ကြောင့် ဆိုရှယ်မီဒီယာအသုံးပြု၍ ဒေါ်မျိုးနဒီမှ ဒေါ်စန္ဒာအေး၏ ဂုဏ်သိက္ခာကို ထိပါးစေ၍ အများပြည်သူ အထင်အမြင်လွဲမှားစေသော ပြုမူဆောင်ရွက်ချက်များကို နောက်နောင်မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

ယခုကဲ့သို့ ကြေညာထည့်သွင်းပြီးနောက် ဒေါ်စန္ဒာအေး၏ ဂုဏ်သိက္ခာကျဆင်းစေရန် ထပ်မံဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မျိုးနဒီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**

**ဒေါ်စန္ဒာအေး(ဘ)ဦးကျော်လှ**
(HLG –၀၄၀၀၂၀)

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးငြိမ်းချမ်းမောင်(ခ)ဦးငြိမ်းမောင်**
**(LL.B)**

**ဦးအောင်ဇော်ထွန်း**
**(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၂၂၄)၊ ၇၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ စကြာနွယ်စဉ်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၈၈၈၉၊ ၀၉–၄၀၂၆၂၆၄၁၄**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ရေနှင့်သန့်ရှင်းမှုဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (၇/၂၀၂၆-၂၀၂၇)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်တီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည့် လုပ်ငန်းများအမည်-
- (၁) အောင်မြေသာစံမြို့နယ်၊ ကမ်းနားလမ်း သီရိမာလာငါးဈေးတွင် ‌ရေမြောင်းကြောင့်ပျက်စီးသွားသော (၁၄)ခန်းတွဲ အများသုံးသန့်စင်ခန်းတည်ဆောက်ခြင်းလုပ်ငန်း(Lot-1)
- (၂) မြို့ရှောင်လမ်း၊ မန္တလေး-မိုးကုတ်လမ်းမှ ၂၂လမ်းအထိ လမ်းဘေးချဲ့ခြင်းလုပ်ငန်းနှင့် မလွတ်ကင်းသည့် ‌ရေမြောင်းကြောင့်ယိမ်းယိုင်သွားသော ရေပေးရေး 33kV ဓာတ်အားလိုင်း ပြောင်းရွှေ့တည်ဆောက်ခြင်း(Lot-2)

| | | |
|---|---|---|
| (ခ) | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ | - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် |
| (ဂ) | တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ | - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၉)ရက် |
| (ဃ) | တင်ဒါအချက်အလက်ရှင်းလင်းမည့်နေ့ | - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက် |
| (င) | တင်ဒါအာမခံကြေး(၁%)ပေးသွင်းခြင်း | - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက် |
| | | - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက် |
| (စ) | တင်ဒါပုံစံလက်ခံခြင်း | - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက် |
| (ဆ) | တင်ဒါပုံစံလက်ခံစာရင်းပိတ်ခြင်း | - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက် |
| (ဇ) | တင်ဒါဖွင့်မည့်နေ့ | - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက် |
| (ဈ) | တင်ဒါတင်သွင်းရမည့်နေရာ | - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (ည) | တင်ဒါလျှောက်လွှာဈေးနှုန်း | - Lot 1 တစ်စောင်လျှင် ၂၁,၁၀၀/-နှုန်း |
| | | - Lot 2 တစ်စောင်လျှင် ၂၈,၀၀၀/-နှုန်း |

၂။ တင်ဒါပုံစံများအား (၁-၁၀-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန၊ ဖုန်း ၀၉-၂၂၁၅၆၇၅ သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေနှင့်သန့်ရှင်းမှုဌာန။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၉)၊ ဦးပိုင်အမှတ်(၅၈)တွင် နေထိုင်ကြသူများဖြစ်သည့် (၁) ဦးပြည့်စုံလွင်(ဘ)ဦးဇော်ဝင်း(၉/ခမစ(နိုင်)၀၂၅၁၇၂)၊ (၂) ဒေါ်ယမုံအေး(ဘ)ဦးဇော်ဝင်း(၉/ခမစ(နိုင်)၀၄၀၁၃၃)၊ (၃) ဦးအာကာဟိန်း(ဘ)ဦးဇော်ဝင်း(၉/ခမစ(နိုင်)၀၄၉၃၉၉)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်။

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၉)၊ ဦးပိုင်အမှတ်(၇၀)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိသော မြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နံကပ်(၂)ထပ် (၃×၃)ခန်းပတ်လည် အဆောက်အဦးသည် အဘိုးဖြစ်သူ ဦးမြသင်း အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ အဘိုးဖြစ်သူ ဦးမြသင်းမှာ လွန်ခဲ့သော (၁၂-၂-၂၀၂၆)ရက်နေ့က လည်းကောင်း၊ အဘွားဖြစ်သူ ဒေါ်မြင့်သည် လွန်ခဲ့သော နှစ်(၂၀)ကျော်က ကွယ်လွန်သွားခဲ့ပါသည်။

ဦးမြသင်းနှင့် ဒေါ်မြင့်တို့တွင် (၁) ဒေါ်တင်မာအေး၊ (၂) ဒေါ်ခင်မာအေး သမီး(၂)ယောက်ကို မွေးဖွားခဲ့ပါသည်။ ဒေါ်တင်မာအေးသည် အပျိုကြီးဘဝဖြင့် လွန်ခဲ့သော (၄)နှစ်က ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ဒေါ်ခင်မာအေးသည် ဦးဇော်ဝင်းနှင့် အိမ်ထောင်ကျကာ သားသမီးများဖြစ်သော (၁) ဦးပြည့်စုံလွင်၊ (၂)ဒေါ်ယမုံအေးနှင့် (၃) ဦးအာကာဟိန်းတို့ကို မွေးဖွားခဲ့ပြီး မိခင် ဒေါ်ခင်မာအေးမှာ လွန်ခဲ့သော (၂၈-၇-၂၀၂၆)ရက်နေ့က ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်သည် အဘိုးဖြစ်သူ ဦးမြသင်း အမည်ပေါက်သော အမွေဆိုင် မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၉)၊ ဦးပိုင်အမှတ်(၇၀)၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိသော မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နံကပ်(၂)ထပ် (၃×၃)ခန်းပတ်လည် အဆောက်အဦးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော (၁) ဦးပြည့်စုံလွင်၊ (၂) ဒေါ်ယမုံအေးနှင့် (၃) ဦးအာကာဟိန်းတို့၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူများ–**

**၁။ ဦးပြည့်စုံလွင်**
**၂။ ဒေါ်ယမုံအေး**
**၃။ ဦးအာကာဟိန်း**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးတင်ဇော်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၇၈/ ၂၉–၇–၂၀၁၄)**
**အကွက်(၁၂၀)၊ ၈၇လမ်းနှင့် ၈၈လမ်းကြား၊ လမ်း၂၀နှင့် ၂၁လမ်းကြား၊**
**မီးသွေးတန်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၆၈၃၉၀၄၁၈၄၊ ၀၉–၂၅၆၀၃၅၄၁၅**

**ဒေါ်ဆုမွန်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၈၄၃/ ၃၀–၇–၂၀၁၈)**
**၃၆(A)လမ်း၊ ၆၉လမ်းနှင့် လမ်း၇၀ကြား၊ မဟာစဉ်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၅၃၆၅၅၃**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၀၂)၊ ဦးပိုင်အမှတ်(၂၃-ခ)၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၇၂လမ်းနှင့် ၇၃လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဖခင် ဦးစိန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၅၂/၂၀၂၃)ဖြင့် ဒေါ်ရီရီဝင်းပါ-၆ဦးက အမွေဆက်ခံခဲ့ပြီး၊ ၎င်းတို့ထဲမှ ဒေါ်ကြည်ကြည်ဝင်း(အပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်လှလှညွန့်(၉/ခအစ(နိုင်)၀၆၆၈၉၃)၊ ဦးစိုးအောင်(၉/မရတ(နိုင်)၀၇၄၇၂၉)၊ ဒေါ်ရီရီဝင်း(၉/မရတ(နိုင်)၀၇၄၇၃၀)၊ ဦးလှမြင့်(၉/မရတ(နိုင်)၁၀၆၄၉၉)၊ ဒေါ်ညိုညိုဝင်း(၉/မရတ(နိုင်)၀၇၄၇၈၆)တို့က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၄)၊ ဦးပိုင်အမှတ်(၁၄-က)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကျော်မိုး(၉/မရမ(နိုင်)၀၀၀၄၇၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဦးခင်မောင်ညွန့် (ဦးစီးအရာရှိ(ငြိမ်း)မန်းစည်ပင်) အသက်(၇၅)နှစ်

မန္တလေးမြို့၊ ပွဲကုန်းရပ်နေ(ဦးအောင်သိန်း)+(ဒေါ်အုန်းမေ)တို့၏ သား၊ ကန့်ဘလူမြို့နေ(ဦးသွင်)+(ဒေါ်ဆယ်လေး)တို့၏ သားသမက်၊ မန္တလေးမြို့၊ ပွဲကုန်းရပ်နေ (ဦးအေးကျော်)+(ဒေါ်စန်းရီ)၊ (ဦးတင်စိုး)+ဒေါ်အမာတို့၏ မောင်၊ ဦးဝင်းမောင်+ဒေါ်နုနုရီတို့၏ ညီ၊ ဦးအောင်ဆွေ+ဒေါ်အမာကြည်၊ ဦးဝင်းဆွေ+ဒေါ်ခင်ခင်သန်းတို့၏ အစ်ကို၊ ဦးစိုးလွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)+ဒေါ်ယဉ်ယဉ်ထက်(မြို့/မြေဌာန MCDC)၊ ဒေါက်တာညွန့်လင်းထက်+ဒေါက်တာရည်မွန်မြင့်၊ ကိုသန်းမင်းထက်တို့၏ မွေးသဖခင်၊ မောင်လင်းလွင်ဟိန်း(2nd Yr M.B.B.S)၊ မောင်ထူးလွင်ဟိန်းတို့၏ အဘိုး၊ ဒေါ်စိန်ရင်၏ ချစ်လှစွာသော ခင်ပွန်း

**ဦးခင်မောင်ညွန့် (ဦးစီးအရာရှိ(ငြိမ်း)မန်းစည်ပင်) အသက်(၇၅)နှစ်**

သည် (၂၉-၉-၂၀၂၆)ရက်၊ ညနေ(၅း၃၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို (၃၀-၉-၂၀၂၆)ရက်နေ့၊ မွန်းလွဲ(၁း၀၀)နာရီတွင် 'အေးရိပ်ငြိမ်'သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်၍ ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

| ❖ နိုင်ငံတော် ရှေးသီးဖို့ | ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ | ❖ နိုင်ငံတော် သာယာဖို့ |
| --- | --- | --- |
| ကုန်ထုတ်လုပ်မှု အားပေးစို့။ | ပညာရေးကို အားပေးစို့။ | သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။ |

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

တက်ရောက်

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ်စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA-S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း မတူကွဲပြားသော ပါဝင်ပတ်သက်သူများ ပြန်လည်ချိတ်ဆက်နိုင်ရေးဆိုင်ရာမူဘောင်အား ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ ဆွေးနွေးပွဲ ပထမရက်တွင် ဆွေးနွေးရန် ကျန်ရှိသည်များအား ဆက်လက်ဆွေးနွေးရာတွင် NCA အနှစ်သာရကို အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာများ၊ EAO များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မတူညီသောရည်မှန်းချက်၊ လိုလားချက်များအား ဘုံနိုင်ငံရေး မူဘောင်သတ်မှတ်၍ တစ်ခုတည်းသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဒေသခံများ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်နှင့် အမျိုးသမီးများ ပါဝင်လာအောင် ချိတ်ဆက်ဆောင်ရွက်ရေး၊ မတူကွဲပြားသည့် သက်ဆိုင်သူများအကြား ဆက်ဆံရေးကောင်းမွန်လာပြီး ယုံကြည်လက်ခံနိုင်သော ပေါင်းစည်းချိတ်ဆက်မှုဖြင့် ယုံကြည်မှုတည်ဆောက်ခြင်းကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NSPNC ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်ရက်တာဆွေးနွေးချက်များမှ ရရှိလာသော သဘောထားစုစည်းချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပိုမိုထိရောက်သောဆွေးနွေးပွဲများ ကျင်းပ၍ တိကျသည့် သဘောတူညီချက်များချမှတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ဆောင်ရွက်ရာတွင် ဆွေးနွေးမှုပုံစံနှင့်ပတ်သက်၍ NSPNC နှင့် NCA-S EAO များအကြား ဆောင်ရွက်မည့်အခြေအနေများ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်မှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် လူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များ ကျင်းပပြုလုပ်ရာတွင် သက်ဆိုင်ရာ NCA-S EAO များ ပူးပေါင်းဆောင်ရွက်သွားရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြန်လည်ပါဝင်လာစေရေး၊ NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ခြင်းအား တိုးမြှင့်တည်ဆောက်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စတို့ကို နှစ်ဖက်သဘောထားအမြင်တူညီသည့် သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ချင်းလန်း (ယူ-၂၀) အသင်းကို တစ်ဂိုး၊ ငါးဂိုးဖြင့် အနိုင်ယူပြီးနိုင်ပွဲဆက်ခဲ့သည့် ရန်ကုန်လူငယ်အသင်း

**ရန်ကုန် စက်တင်ဘာ ၃၀**

MLeague (U20) 2026 ပြိုင်ပွဲ(week-17)အဖြစ် ချင်းလန်း(ယူ-၂၀)နှင့် ရန်ကုန်ယူနိုက်တက်(ယူ-၂၀) အသင်းတို့ YUSC ကွင်းတွင်ယှဉ်ပြိုင် ကစားခဲ့ပြီး ရန်ကုန်အသင်းက တစ်ဂိုး၊ ငါးဂိုးနှင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းအတွက် ဖွဲခန့်အောင်မှ ဟက်ထရစ် သွင်းယူခဲ့ပြီး လမင်းပြည့်စုံနှင့် ခွန်းချိုထူးတို့က တစ်ဂိုးစီသွင်း ယူပေးခဲ့သည်။

ရန်ကုန်အသင်းမှ ဖွဲခန့်အောင်၏ သွင်းဂိုးနှင့် ပွဲကိုစတင်ဦးဆောင်နိုင်ခဲ့ပြီး ၄ မိနစ်အကြာတွင် ချင်းလန်းအသင်းမှ ဇန်ဒေါ့လျန်သန်က သွင်းယူခဲ့သည်။ ထို့နောက် ရန်ကုန်အသင်းမှ ဦးဆောင်ဂိုးကို ဖွဲခန့်အောင်ကထပ်မံသွင်းယူပြီး ပထမပိုင်းကိုဦးဆောင်ခဲ့သည်။ ရန်ကုန်လူငယ် အသင်းသည် ပွဲချိန်တစ်လျှောက် တစ်ဖက်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ကာ ဒုတိယပိုင်းတွင်လည်း လမင်းပြည့်စုံ၊ ဖွဲခန့်အောင်နှင့် ခွန်းချိုထူးတို့ကသွင်းယူခဲ့ကာ တစ်ဂိုး၊ ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် (ယူ-၂၀)အသင်းသည် ၁၇ ပွဲကစား၊ ၁၂ ပွဲနိုင်၊ ၃ ပွဲသရေ၊ ၂ ပွဲရှုံး၊ ရမှတ် ၃၉ မှတ်နှင့် အဆင့် ၂ နေရာတွင် ဆက်လက်ရပ်တည်နေပြီး လာမည့် အောက်တိုဘာ ၆ ရက်နေ့၊ ရတနာပုံ (ယူ-၂၀) အသင်းနှင့် YUSC ကွင်းတွင်ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(NGB)

0-0-0-0-0

0-0-0




## Myanmar Women's League 2026-2027 ဒုတိယအကျော့ ပွဲစဉ်များ အောက်တိုဘာ ၁၉ ရက်တွင် ပြန်လည်စတင်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

Myanmar Women's League 2026-2027 အမှတ်ပေး ဘောလုံးပြိုင်ပွဲ၏ ဒုတိယအကျော့ ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၁၉ ရက်တွင် ပွဲစဉ် (၁၀) မှစတင်၍ ပြန်လည်ကျင်းပသွားမည် ဖြစ်သည်။

ပွဲစဉ်(၁၀)တွင် ဧရာဝတီနှင့် ရတနာပုံ၊ ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်၊ ရန်ကုန်စီးတီးနှင့် I.S.P.E၊ သစ္စာအားမာန်နှင့် မြဝတီ၊ ဖွဲကပင်ယူနိုက်တက်နှင့် Young Lionesses အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

Myanmar Women's Leauge 2026-2027 ပထမအကျော့ ယှဉ်ပြိုင်ကစားအပြီးတွင် I.S.P.E အသင်းက ရမှတ် (၂၅) မှတ်ဖြင့် ဒုတိယနေရာမှ လက်ရှိချန်ပီယံဧရာဝတီအသင်းကို(၃) မှတ်အသာရကာ အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ၎င်းတို့နောက်တွင် ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့က အစဉ်လိုက် ရပ်တည်လျက်ရှိသည်။

ဒုတိယအကျော့တွင် ရတနာပုံအသင်းအနေဖြင့် မန္တလေးမြို့ရှိ ဗထူးအားကစားကွင်း၌ အိမ်ကွင်းပွဲစဉ်(၂)ပွဲကို လက်ခံကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်း အနေဖြင့်လည်း လက်ကျန် အိမ်ကွင်းပွဲစဉ်များကို Y.U.S.C ကွင်း၌ လက်ခံကစားသွားမည်ဖြစ်သည်။

ထို့အပြင် ဧရာဝတီအသင်းက ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အိမ်ကွင်းပွဲစဉ် (၂) ပွဲ၊ ရှမ်းယူနိုက်တက်အသင်းက တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ကွင်းပွဲစဉ် (၂) ပွဲကို ပထမအကျော့ကဲ့သို့ ဆက်လက်လက်ခံကျင်းပသွားမည်ဖြစ်ကာ အခြားပွဲစဉ်များကို ပဒုမ္မာကွင်း၊ Star City ကွင်းနှင့် သုဝဏ္ဏအားကစားကွင်းတို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သို့ရာတွင် နိုဝင်ဘာလအတွင်း FIFA International Window အတွင်း ကျင်းပမည့် နိုင်ငံတကာပွဲစဉ်များနှင့် 2026-2027 AFC Women's Champions League အုပ်စု (က) ပွဲစဉ်များတွင် ဧရာဝတီအသင်း ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သဖြင့် Myanmar Women's League ကို ခေတ္တရပ်နားကာ ဒီဇင်ဘာလနှင့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလအတွင်း လက်ကျန်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပွဲစဉ်(၁၈) Myanmar Women's League 2026-2027 ရာသီပိတ် ပွဲစဉ်များကို ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၂၅၊ ၂၆ နှင့် ၂၇ ရက်များတွင် ကျင်းပကာ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီကို အဆုံးသတ်သွားမည်ဖြစ်သည်။

နိုင်ကမ္ဘာ

၀-၀-၀-၀-၀